
စိတ်ကူးချိုချိုအနုပညာ



ANNIVERSARY 18 YEARS

SEIKKU CHO CHO PUBLISHING HOUSE

Since 1999

# နတ်နွယ်

# စာပေလောကနောက်ခံ ကိုဘုမ္မာဝတ္ထုတိုစုစည်းမှု

အနှစ်လေးဆယ်နှင့်အခြားဝတ္ထုတိုများ

ဒုတိယအကြိမ်

mgyoe.com

mgyoe.com

# နတ်နွယ်

## စာပေလောကနောက်ခံ

## ကိုဘုမ္မာဝတ္ထုတိုစုစည်းမှု

အနှစ်လေးဆယ်နှင့်အခြားဝတ္ထုတိုများ



nn0021

2,300.00 KS

mgyoe.com

mgyoe.com

စာပေလောကနောက်ခံကိုဘုမ္မာဝတ္ထုတိုများစုစည်းမှု၊ နတ်နွယ်
မျက်နှာဖုံးပန်းချီ - ညီညီ
စာမျက်နှာ ၁၈၅ မျက်နှာ၊ ၁၃ စင်တီ× ၂၀ ·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇/၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဇူလိုင်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၄ နှစ်ချိုပိုင်စာအုပ်တိုက်၌ပထမအကြိမ်မှု။

ရောင်းဈေး ၂၃၀၀ ကျပ်

ဆရာနတ်နွယ်၏စာမူ၊စာအုပ်များမူပိုင် - စိတ်ကူးချိုချို®

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# စာပေလောကနှောက်ခံ ကိုဘုမ္မာဝတ္ထုတိုများစုစည်းမှု

## အနှစ်လေးဆယ်နှင့် အခြားဝတ္ထုတိုများ

## နတ်နွယ်

ဒုတိယအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| – | စာရေးသူ၏ အမှာ | က |
| ၁။ | ကမ်းနားလမ်း ဟိုတယ်မှာ | ၁ |
| ၂။ | ပုန်းအောင်းနေသော မိန်းကလေး | ၉ |
| ၃။ | အမ်း ရှိုင်း | ၄၆ |
| ၄။ | ညတစ်ည၏ ညများစွာ | ၅၇ |
| ၅။ | ပရိသတ်ထဲက လူတစ်ယောက် | ၇၅ |
| ၆။ | တစ်ချိန်တုန်းက စာရေးဆရာ | ၈၉ |
| ၇။ | ဆရာရဲ့ အမှာ | ၉၉ |
| ၈။ | ဟားခါး အလွမ်းပြေ | ၁၀၇ |
| ၉။ | နေရာကွက်ကျား မိုးရွာမည် | ၁၃၉ |
| ၁၀။ | ညအချိန်မတော် အိမ်ပြန်ဖော်တစ်ဦး | ၁၄၄ |
| ၁၁။ | ဓာတ်ပုံ | ၁၅၆ |
| ၁၂။ | ပန်းထိမ် မတတ်ခင် | ၁၆၃ |
| ၁၃။ | ဒေါ်စောဥမ္မာ ရောက်ရှိလာခြင်း | ၁၇၁ |
| ၁၄။ | အ, တယ်လို့ မထင်နဲ့ | ၁၇၇ |
| ၁၅။ | အနှစ်လေးဆယ် | ၁၈၅ |


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# စာရေးသူ၏အမှာ

မိမိသည် ၁၉၅၀ ပြည့်နှစ် ဇွန်လတွင် ကဗျာဖြင့် စာပေလောကသို့ စတင်ဝင်ရောက်ပြီးနောက် ၁၉၅၁ ခုနှစ် ဇူလိုင်လထုတ် ကလောင်စုံ မဂ္ဂဇင်း အမှတ် (၄) တွင် ပထမဆုံး ဝတ္ထုတို ပါရှိသည်။ ပထမဆုံး ပုံနှိပ်ဆောင်းပါးမှာ ၁၉၅၁ ခုနှစ် ဒီဇင်ဘာလထုတ် လူထုဂျာနယ် အမှတ် (၂၀) တွင် ဖြစ်သည်။

သည်နောက်တွင်ကား မိမိသည် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းအစောင်စောင်တွင် ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး (ပင်ကိုရေး၊ မှီငြမ်းရေး၊ ဘာသာပြန်ရေး) မြောက်မြားစွာကို နှစ်ပေါင်း ၅၀ ကျော် အဆက်မပြတ် ဆိုသလို ရေးသားခဲ့သည်။ ယင်းတို့အနက်မှ ဆောင်းပါးနှင့် ဘာသာပြန်ဝတ္ထုတိုများကို အလျဉ်းသင့်သလို စုစည်း ထုတ်ဝေခဲ့သည်။ သို့သော် အကြောင်းမသင့်သဖြင့် ပင်ကိုရေး ဝတ္ထုတို စုစည်းမှုများကား တစ်အုပ်မျှ ထွက်မလာသေးဘဲ စီစဉ်ဆဲ အဆင့်မှာသာ ရှိနေကြသည်။

ယခု စုစည်းမှုမှာ စာရေးဆရာ ကိုဘုမ္မာကို ဇာတ်ဆောင်ထားပြီး ရေးသားသော စာပေလောက နောက်ခံဝတ္ထုများ ဖြစ်ပါသည်။ မြန်မာစာနယ်ဇင်းများ၏ ထုတ်ဝေရေး အခြေအနေ၊ စာရေးဆရာတို့၏ ဘဝ၊ စာရေးဆရာနှင့် ထုတ်ဝေသူတို့၏ ဆက်ဆံရေး၊ စာရေးဆရာနှင့် စာဖတ်သူတို့၏ ဆက်သွယ်မှုများဖြစ်ပါသည်။ စာပေနှင့် ခေတ်အခြေအနေတို့ကိုလည်း ထင်ဟပ်ထားပါသည်။

နတ်နွယ်
၄–၁၁–၂၀၀၂

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ကမ်းနားလမ်း ဟိုတယ်မှာ

## ၁

ဖိတ်စာကို မြင်ကတည်းက မင်္ဂလာဆောင်၏ အတိမ်အနက်ကို မှန်းမိသည်။ ဖိတ်စာ၏ တန်ဖိုးကပင် ရေခဲမုန့် တစ်ပွဲနဲ့ ကိတ်မုန့် နှစ်ခုစာ ဖြစ်သည်။ အင်းလျားကန် ဟိုတယ်လား။ ကမ်းနားလမ်း ဟိုတယ်လား။ သမ္မတ ဟိုတယ်လားပဲ။

လှပသော ပန်းခင်းတစ်ခု၊ ဆင်စွယ်ရောင် ကတ်ထူပြားတွင် အရောင်ခုနစ်မျိုးဖြင့် ရိုက်နှိပ်ထားသည်။ မြင်ရသည်နှင့်ပင် ထုံသင်းသော ရနံ့ကို ခံစားရသည်။ သတို့သားနှင့် သတို့သမီး အမည်များသည် ဝင်းဝါ ဖောင်းကြွနေသည်။ ကျောက်မျက်ရတနာများဖြင့် တောက်လက်နေသည်။ သို့သော် သူတို့ကို သူ မသိ။ သည်အမည်များကို မကြားစဖူး။

ကိုဘုမ္မာသည် အဟန့်အထည်ကြီးသော ဖိတ်စာကို ခေတ္တမျှ စူးစိုက်ကြည့်နေပြီးနောက် ကောက်ယူလိုက်သည်။ သတို့သားနှင့် သတို့သမီး သည် မည်သူမည်ဝါတွေ၏ သားသမီးတွေများ ဖြစ်ချေမည်နည်း။ မိမိကို ယောကျ်ားလေးဘက်က ဖိတ်ကြားသည်လား၊ မိန်းကလေးဘက်က ဖိတ်ကြားသည်လား။

သတို့သား၏ မိဘများကို သူ မသိ။ သို့သော် ကြားဖူးသည်။ ထင်ရှားသော အရာရှိကြီးတစ်ဦး ဖြစ်သည်။ သူ၏ နာမည်ကို သတင်းစာများတွင် လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းကပင် အဆက်မပြတ် မြင်တွေ့ခဲ့ရသည်။ သတို့သားမှာလည်း အရာရှိတစ်ဦးပင်ဖြစ်သည်။ သူသည်

mgyoe.com

mgyoe.com

အငယ်ဆုံးသောသားဖြစ်၏။ အစ်ကို အစ်မတို့၏အမည်နာမများကိုလည်း ရိုက်နှိပ်ဖော်ပြထားသည်။ သူတို့လည်း အရာရှိများပင်ဖြစ်ကြသည်။ တစ်ဦးနှစ်ဦး၏အမည်ကို ကြားဖူးသည်။ ဆွေကြီးမျိုးကြီးများဖြစ်သည်။

မိမိကို ဖိတ်ကြားသည်မှာ သတို့သမီးဘက်က ဖြစ်ရမည်ဟု ကိုဘုမ္မာ တွက်ဆမိသည်။ ဖိတ်စာကို ဆက်မဖတ်သေးဘဲ မည်သူများဖြစ်ချေမည်နည်းဟု မှန်းဆရင်း အဝေးသို့ငေးနေသည်။ မိတ်ဆွေနှစ်ယောက်၊ သုံးယောက်၏အမည်ခေါင်းထဲတွင် ပေါ်လာသည်။ သူတို့တွင် သားကြီး၊ သမီးကြီးများရှိသည်။ တစ်ဦးက ဆရာဝန်၊ မိမိတို့၏မိသားစုဆရာဝန်။ တစ်ဦးက အရာရှိ၊ လုပ်ငန်းသဘောဖြင့် ထိတွေ့နေရသူ။ နောက်တစ်ဦးက ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်။

ဖိတ်စာကို ဆက်ဖတ်သည်။ ဩော် ဟု ပါးစပ်မှ အသံထွက်သွားသည်။ သူတွေးထင်ထားသူများ မဟုတ်ပါ။ သူနှင့် မတွေ့တာကြာပြီဖြစ်သော ကျောင်းနေဖက်သူငယ်ချင်းတစ်ယောက် ဖြစ်သည်။

ကိုကျော်ဖေသည် ငယ်သူငယ်ချင်းတော့ မဟုတ်။ တက္ကသိုလ်ရောက်မှ တွေ့ရှိကြခြင်းဖြစ်သည်။ ပင်းယဆောင်တွင် တစ်ခန်းတည်းနေခဲ့ကြသည်။ သဟာယအသင်းတွင် သူက ဥက္ကဋ္ဌဖြစ်ခဲ့သည်။ ကိုဘုမ္မာက အတွင်းရေးမှူးဖြစ်ခဲ့သည်။

သူတို့နှစ်ဦး နောက်ဆုံးတွေ့ကြသည်မှာ လွန်ခဲ့သည့်နှစ်နှစ်ကျော်လောက်က ဖြစ်သည်။ ဗိုလ်ချုပ်ဈေးရှေ့တွင် ကိုဘုမ္မာ သုံးဘီးကားစောင့်နေခိုက် သူ့ရှေ့တွင် ဖယ်မလီယာကားတစ်စီး ထိုးဆိုက်သည်။ ကျော်ဖေ၏ပြုံးချိုသော မျက်နှာကိုမြင်ရသည်။

သူ့ကို ကုက္ကိုင်းရေကူးကန်သို့ ခေါ်သွားသည်။ ကျော်ဖေသည် ကျောင်းမှာတုန်းကလိုပင် စကားကို အမျှင်မပြတ် ပြောသည်။ စားပွဲပေါ်တွင် ဘီယာမြုပ်ဖြူဖြူများ ဝေကျနေသည်။ ငါးသုံးလုံးစီးကရက်မှ ပြာလဲ့သော မီးခိုးငွေ့ငွေ့လေးထွက်နေသည်။

ရေကူးဝတ်စုံအနက်နှင့် မိန်းကလေးတစ်ဦး ပြာလဲ့သော ရေကန်ထဲသို့ နောက်ပြန် ကျွမ်းထိုးချသည်။ ကိုယ်လုံး ညွတ်ကွေးသည်။ ပေါင်တံဝါညက်သည်။

* * *

mgyoe.com

mgyoe.com

## ၂

ကမ်းနားလမ်းဟိုတယ်သည် သူ၏အစဉ်အလာကို ထိန်းသိမ်းထားသည်။ အမျိုးသားဝတ်စုံ၊ ထောပတ်နံ့သင်းသော သီဟိုဠ်သရက်စေ့၊ သေးငယ်သော ဘိယာပုလင်းများ၊ ခြင်္သေ့တံဆိပ်ပါသော ကိုင်းဖန်ခွက်၊ အသားနီ စပ်သော နိုင်ငံခြားသားများ။

ကိုဘုမ္မာ ယခင်က တက်ရောက်ဖူးသည်။ ရုပ်ရှင်သူဌေးနှင့်ဖြစ်သည်။ သူ့ဝတ္ထုကို ရုပ်ရှင်ရိုက်ဖို့ ဆွေးနွေးကြသည်။ မြင်ကွင်းကျယ်၊ အကယ်ဒမီ မင်းသား၊ အကယ်ဒမီမင်းသမီး၊ အကယ်ဒမီဒါရိုက်တာ။ ငွေသုံးသိန်း အကုန်ခံမည်။ သို့သော် မရိုက်ဖြစ်။ သူ့ကို ငွေသုံးထောင် သုံးရစ် ခွဲပေးမည်ဆိုပဲ။

ယခု ကမ်းနားလမ်းဟိုတယ်နှင့် ဒုတိယမွှ တွေ့ရခြင်း။

သူ ရောက်ရှိသွားချိန်တွင် ကမ်းနားလမ်းဟိုတယ်ရှေ့တွင် ကားတွေ ပြည့်နေသည်။

ကမ်းနားလမ်းခန်းမသည် မြို့တော်ခန်းမနှင့်စာလျှင်၊ သမ္မတနှင့်စာ လျှင်၊ အင်းလျားနှင့်စာလျှင် အတန်ပင် ကျဉ်းမြောင်းသည်ဟု ဆိုရမည်။ သို့သော် နံရံလေးဖက် အဆင်အယင်ကြောင့် အနုပညာပြပွဲတစ်ခုနှင့် တူသည်။ ကျောက်မျက်ရတနာပြပွဲဆိုလျှင်လည်း မှန်နိုင်သည်။ ဟိုနေရာ သည်နေရာမှ စိန်ရောင်၊ မြရောင်၊ ပတ္တမြားရောင် ပြိုးပြက်သည်မှာ ဆလိုက်မီးများ ထိုးသည့်နှယ်။

ခန်းမအလယ်တွင် လက်ဖွဲ့လက်ခံသူများရှိသည်။ စားပွဲသုံးလုံးပေါ်တွင် သေသေသပ်သပ်စည်းနှောင်ထားသော လက်ဖွဲ့ထုပ်များ စီရရီ ဆင့်ရရင့်။

ကိုဘုမ္မာသည် သူ့အိတ်ထဲမှ စာအိတ်ငယ်ကလေးကို ကမန်းကတန်း ထုတ်ပေးပြီး ခန်းမတွင်းသို့ ဝင်ခဲ့သည်။ ကျယ်လောင်သော ဂီတသံက ဆီးကြိုသည်။ လျှပ်စစ်တူရိယာများ၊ အောက်အစ်သော အသံများ။

တီးဝိုင်းသည် တစ်ဖက်ထိပ်တွင်ဖြစ်သည်။ အင်္ကျီဖြူဖြူ၊ ဘောင်းဘီဖြူဖြူ၊ လည်စည်းနက်နက်များ။ နောက်ဆုံးပေါ် အသံချဲ့ခွက်များ။

mgyoe.com

mgyoe.com
သူ ရပ်နေသည်။ ဘယ်စားပွဲသွားရမည်မသိ။ ရုတ်ခြည်းအကြည့်တွင် မည်သူမည်ဝါမသဲကွဲ။ အသိမတွေ့။

* * *

## ၃

"ဟကောင်ကြီး နောက်ကျလှချည့်လား။ မင်း တစ်ယောက်တည်းလား။ မင်းအမျိုးသမီးမပါဘူးလား"

သူလှည့်ကြည့်လိုက်သောအခါ ကျော်ဖေကိုတွေ့ရသည်။ သူဝမ်းသာသွားသည်။ ပြီးတော့ ရယ်ချင်သည်။ သတို့သမီးဖခင်သည် ခေါင်းပေါင်းကြီးနှင့်၊ အချိတ်ပုဆိုးနှင့်၊ ပိုးရင်ဖုံးနှင့်။

"လာ လာ မင်းကို စောင့်နေကြတာ။ စောစောကပဲ မင်းအကြောင်း ပြောနေကြသေးတယ်"

ကျော်ဖေက သူ့ကိုဆွဲခေါ်သွားသည်။ သူ့ကို မည်သူတွေက စောင့်နေကြပါလိမ့်။ သူ့အကြောင်း ဘာတွေပြောကြပါလိမ့်။

"ဟောဒီမှာ မင်းတို့ မျှော်လင့်နေတဲ့ ပျက်စီးမယ့်စာရေးဆရာကြီး လာပါပြီ"

ကျော်ဖေက သူ့ပခုံးနှစ်ဖက်ကိုကိုင်ပြီး စားပွဲတစ်ခုမှ လူများကိုပြောလိုက်သည်။ သူက စားပွဲဝိုင်းမှ လူများကို ကြည့်လိုက်သည်။

အို. . . ကိုကျော်မောင်ပါလား။ ဒီလူကြီးလည်း ဒီရောက်နေတာကိုး။ သူ အားတက်သွားသည်။ ကိုကျော်မောင်သည် သူတို့ထက် အသက်ကြီးသည်။ အတန်းကြီးသည်။ ကျောင်းမှာတုန်းက သူတို့အစ်ကိုကြီးဖြစ်သည်။ သူတို့ကို စကားပြောလျှင် ပါးစပ်ကလေးဖြဲပြီး ပြောတတ်သည်။ သို့သော် သူ့ကို မည်သူမျှစိတ်မဆိုးကြ။ သူသဘောကောင်းသည်။ ဖြောင့်မှန်သည်။ သူ အခုထက်ထိ တက္ကသိုလ်မှာ။ ဆရာပေါ့။

ကိုကျော်မောင်၏ဘေးတွင် ထိုင်နေသူကို သူရုတ်တရက် မမှတ်မိ။ နှစ်ခါပြန်ကြည့်မှ ငယ်ရုပ်ကိုဖမ်းမိသည်။ နာမည်ကို သတိရသည်။ သိန်းဇော်၊ စစ်ကိုင်းဆောင်က ဖြစ်သည်။ သူ့အကြောင်း ဝတ္ထုတစ်ပုဒ်ရေး လောက်သည်။ ထားတော့ ငယ်ငယ်တုန်းက အကြောင်းတွေ။ သူ အခု
mgyoe.com

mgyoe.com
ဘာလုပ်နေသလဲမသိ။ ဟိုတုန်းကတော့ စစ်ထဲဝင်သွားသည်။ သူ့ အကြောင်း စကားမစပ်မိ။ မေ့တောင်မေ့နေသည်။

သိန်းဇော်က ဘေးက လူကိုသူမသိ။ နောက်တစ်ယောက်ကိုလည်း သူ မသိ။ သူတို့က သူ့ကို စူးစမ်းသည့်မျက်လုံးများဖြင့် ပြန်ကြည့်နေသည်။

ဟော . . . ကိုလှဘူးလည်း ပါသကိုး။ သူက ပြုံးဖြီးဖြီး ပြောင်စပ်စပ်။ သူနှင့်တော့ ခဏခဏ တွေ့သည်။ သူက သတင်းစာဆရာ။ တစ်လောက နိုင်ငံခြားသွားသည်။ သူ့ဆောင်းပါးတွေ ဖတ်ရသည်။

"ထိုင်လေကွာ ကုလားထိုင်က ရန်သူမဟုတ်ပါဘူး"

ကိုလှဘူးက သူ့တင်ပါးကို ပုတ်ပြီးပြောသည်။

"ရန်သူလား မိတ်ဆွေလား ခွဲခြားနေတာ မဟုတ်ပါဘူး။ အထီးလား၊ အမလားကို စဉ်းစားနေတာပါ"

ကိုဘုမ္မာက ကုလားထိုင်တွင် ထိုင်ရင်း ပြုံးမဲ့မဲ့ပြောသည်။ လူစိမ်း နှစ်ယောက်ကိုကြည့်သည်။ ထိုအခြင်းအရာကိုရိပ်မိသဖြင့် ကျော်ဖေက မိတ်ဆက်ပေးသည်။ တစ်ယောက်က သတ္တုတွင်းဌာနမှ အရာရှိ၊ တစ် ယောက်က ဆောက်လုပ်ရေးမှ အင်ဂျင်နီယာ။

"မင်းလည်း ပြင်သစ် သင်ဖူးသားပဲ။ ကုလားထိုင်ဟာ အထီးလား၊ အမလားမသိဘူးလား"

ကိုကျော်မောင် စကားစသည်။ ကိုဘုမ္မာက သိန်းဇော်ကို ငေးနေ သည်။ သိန်းဇော် မနေတတ် မထိုင်တတ်ဖြစ်လာပြီး

"ကိုဘုမ္မာ ကျွန်တော့်ကို မမှတ်မိဘူးလား"

"ကိုဘုမ္မာရေးတဲ့ ဝတ္ထုတွေတွေ့ပါတယ်။ ဖတ်တော့ မဖတ်ဖြစ်ဘူး။ အချိန်မရဘူး"

"သြော် . . .သြော် ကိုသိန်းဇော်က အခု တပ်ထဲမှာပဲလား"

"မဟုတ်ပါဘူး။ ကုန်သွယ်ရေးပါ"

"သြော် . . . သြော်"

ကျော်ဖေ တခြားဝိုင်းသို့ကူးသွားသည်။ သူတို့ငါးယောက်ကျန်ရစ် သည်။ ကျောင်းနေဖက် သုံးယောက်၊ သူစိမ်းနှစ်ယောက်။

* * *

mgyoe.com

mgyoe.com

၄

လူတွေလာနေဆဲဖြစ်သည်။ တချို့ တစ်ဦးချင်း၊ တချို့နှစ်ယောက်သုံးယောက်စုဝေးလျက်။ တချို့မိသားစုနှင့် မိန်းမရော ကလေးတွေရော။

"ဟော့ ဟော့ ဟိုဥစ္စာ ဖိုးသန်းတင်မဟုတ်လား"

သတင်းစာဆရာက လက်ညှိုးထိုးပြီးပြောသည်။ အရပ်ထောင်ထောင် မောင်းမောင်း ရွှေကိုင်းမျက်မှန်နှင့် လူတစ်ယောက်ဝင်လာသည်ကို မြင်ကြရသည်။

"ဟုတ်တာပေါ့ ဒီကောင်ပေါ့"

ကျောင်းဆရာက ထောက်ခံသည်။

"သူ့နောက်က ဟာလေးက သူ့ဥစ္စာလေးပဲလား"

ဆိုဖီယာဆံထုံး၊ ခင်သန်းနုကိုယ်လုံးနှင့် အမျိုးသမီးကိုကြည့်ပြီး သိန်းဇော်က မေးသည်။ အမျိုးသမီးက သူတို့ဘက်တစ်ချက်လှည့်သည်။ အထက်မျက်ခွံစိမ်းပြာသည်။ မျက်တောင်ရှည်တပ်ထားသည်။

"ဟုတ်တာပေါ့ အဲဒါ နံပါတ်လေးပေါ့"

ကိုလှဘူးက အတည်ပြုပြောဆိုသည်။ သူ့ခေါင်းထဲတွင် စွယ်စုံကျမ်းရှိသည်။

"ဒီကောင် ချမ်းသာတာကတော့ တကယ်အံ့သြစရာ ကောင်းတယ်။ ယုံနိုင်စရာတောင်မရှိဘူး။ တစ်နေ့ကပဲ ငါတို့ လမ်းထိပ်က တိုက်ဝယ်သွားတယ်။ မနှစ်က ငါတောင်ကြီးကို ရောက်တော့ သူ့တိုက်ကို တွေ့ခဲ့တယ်။ အတွင်းရော အပြင်ရော ဟောလီးဝုဒ်ပုံစံပဲ။ အမ်ဂျီအမ်က ဆက်တင်ဆောက်ထားသလား အောက်မေ့ရတယ်။

"အခု ဘာလုပ်နေသလဲ"

ကိုဘုမ္မာက မေးလိုက်သည်။ သူတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်ကြသည်။

"ဒါတော့ ဘုရားသခင်မှ သိမှာပဲ"

သတင်းစာဆရာက အိုက်တင်ကားတစ်စီးတိုက်ဖြင့် ခပ်လေးလေး ပြောလိုက်သည်။

* * *

mgyoe.com

mgyoe.com

# ၅

"အဲဒီလူကြီး ငါမြင်ဖူးပါတယ်။ ဟိုအငြိမ်းစား တရားရေးဝန်ကြီး"

ကားရားကားရားဖြင့် ဝင်လာသော လူဝဝကြီးတစ်ယောက်ကို ကြည့်ရင်း ကိုကျော်မောင်က စကားစသည်။

"ဘယ်က တရားရေးဝန်ကြီးကမှာလဲ။ ကိုကျော်မောင် သူ့ကို မသိဘူးလား"

ကိုဘုမ္မာက မေးသည်။ ကိုကျော်မောင်ငေးနေသည်။ ကိုဘုမ္မာ ဆက်ပြောသည်။

"စဉ်းစားပါဦး ကျွန်တော်တို့ သူ့အိမ်တစ်ခေါက်ရောက်ဖူးတယ်လေ။ အလှူသွားခံတာလေ။ ကျောင်းသားပွဲတော်လုပ်တုန်းကလေ"

"ဩော် . . . ဟုတ်ပြီ ဟုတ်ပြီ။ ကိုယ် သတိရပြီ။ သူဌေး ဦးကျောက်ခဲ။ သူဌေးဦးကျောက်ခဲ။ နေပါဦး၊ သူ အခု ဘာလုပ်နေသလဲ"

"သူ့အကြောင်းပြောရမှာ နည်းနည်းတော့ထူးဆန်းတယ်"

"ဆိုစမ်းပါဦး"

ကိုဘုမ္မာ ဆုတ်ဆိုင်းဆိုင်းပြောသည်ကို ကိုလှဘူးက စိတ်မရှည်သလို ဝင်မေးသည်။

"သူက ဟိုတုန်းက သိပ်ချမ်းသာတယ်။ သိန်း သုံးလေးဆယ်ချမ်းသာတယ်"

"သူ အခုမွဲသွားပြီလား"

သတ္တုတွင်းဌာနမှ အရာရှိကဝင်မေးသည်။

"တစ်လောက မန္တလေးမှာ ကျောက်စိမ်းတုံးတွေ ဆယ်သိန်းဖိုးဖမ်းမိတယ်ဆိုတာ သတင်းစာထဲမှာ မတွေ့လိုက်ကြဘူးလား"

"အဲဒါ ကိုယ်ထည့်လိုက်တဲ့ သတင်းပေါ့"

"အဲဒါ သူ့ကျောက်စိမ်းတွေပေါ့"

"အို . . ."

"တစ်နေ့ကလည်း ကျိုင်းတုံဘက်မှာ ရွှေချောင်းတွေမိတယ်လေ။ လော်ရီကားကြီးနဲ့ပဲ"

"အဲဒါကော သူ့ရွှေချောင်းတွေပဲလား"

mgyoe.com

mgyoe.com
"ဒါတော့ ဘုရားသခင်မှ သိမှာပဲ"

"သူ အခု ကျွတ်သွားပြီလား။ တိုက်တွေ ကားတွေ ရောင်းလိုက်ရပြီလား"

"ဒါတော့ ဘုရားသခင်မှ သိမှာပဲ"

* * *

၆

အတန်တန်ငြင်းဆန်တိမ်းရှောင်သော်လည်း မရသဖြင့် အပြန်တွင် သိန်းဇော်၏ ကားဖြင့် သူ လိုက်ပါခဲ့ရသည်။ သို့သော် ကိစ္စရှိသည်ဆိုပြီး ဆူးလေဘုရားရုပ်ရှင်ရုံတွေရှေ့တွင် ဆင်းသည်။

ရုပ်ရှင်ပိုစတာများ၊ ရုပ်ရှင်ကြည့်သူများ၊ ကမ္ဘာလှည့်ခရီးသည်များ မိန်းကလေးများ။

ဟော . . . အမှတ် (၅) ဘတ်စ်ကားလာပြီ။ အနီ၊ သုခမ္မာ။ ကိုဘုမ္မာ သုတ်ခနဲ ပြေးသည်။ ဝုန်းခနဲတိုးသည်။ လွှားခနဲ ခုန်တက်သည်။ ဝီး။

၁၉၇၃ ခုနှစ်၊ ဇွန်၊ မိုးဝေမဂ္ဂဇင်း။

❒

mgyoe.com

mgyoe.com

## ပုန်းအောင်းနေသော မိန်းကလေး

၁

ယောကျ်ားကလေးတစ်ယောက်နှင့် မိန်းကလေးတစ်ယောက် ချစ်ကြိုက်ကြခြင်းသည် သဘာဝဖြစ်သဖြင့် မဆန်းကြယ်ဟုဆိုနိုင်သော်လည်း ချစ်ကြိုက်ကြမည့်သူများ တွေ့ဆုံခြင်းမှာမူ ဆန်းကြယ်လှသည်ဟု ရန်ကျော်ဟိန်း စဉ်းစားနေမိသည်။

မိန်းကလေးတွေ မြောက်မြားစွာကို မိမိတွေ့ဆုံဖူးသည်။ မိမိကိုလည်း မိန်းကလေးပေါင်း များစွာက တွေ့ဆုံခဲ့ကြသည်။ သို့သော် မိမိနှင့် ထိုမိန်းကလေးများသည် ချစ်ကြိုက်ခြင်းမဖြစ်ကြချေ။

မိမိနှင့်ထိုမိန်းကလေးများသည် အသိအကျွမ်းအပေါင်းအသင်းများသာဖြစ်ကြသည်။ အချို့ကို ငယ်စဉ်ကတည်းက သိသည်။ အချို့ကို ကြီးမှသိရသည်။ အချို့ကို အရပ်ထဲမှ သိသည်။ အချို့ကို ကျောင်းမှာသိသည်။ အချို့ကို ကြုံကြိုက်၍ သိရှိရသည်။

ထိုမိန်းကလေးများတွင် အချို့သည် လှပချောမောလှသည်၊ အချို့သည် တပ်မက်ဖွယ်ရာ၊ အချို့သည် နှစ်လိုဖွယ်ရာ။

သို့သော် ထိုမိန်းကလေးများကို မိမိခင်မင်ခြင်းသာ ဖြစ်ခဲ့သည်။ ချစ်ကြိုက်ခြင်း မဖြစ်ခဲ့ပါ။ မိမိတို့၏တွေ့ဆုံခြင်းသည် ချစ်ကြိုက်ခြင်းနှင့် မသက်ဆိုင်ပါ။

mgyoe.com

mgyoe.com

သို့သော် . . .

ခိုင်ဇာဝေနှင့်တွေ့ရှိရသောအခါတွင်မူ ရန်ကျော်ဟိန်းသည် မိမိကိုယ်မိမိ အံ့သြခြင်းဖြစ်ရသည်။ မိမိတို့၏တွေ့ဆုံခြင်းသည် ချစ်ကြိုက်ခြင်းနှင့်တွဲ ယှက်နေတော့သည်။

မိန်းကလေးကို တွေ့ဆုံခြင်းသည် ချစ်ကြိုက်ခြင်းကို တွေ့ဆုံခြင်းပင် ဖြစ်တော့သည်။

မိမိတို့နှစ်ယောက်သည် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှ ဖြစ်ကြ သော်လည်း မိမိတို့၏တွေ့ဆုံခြင်းသည် တက္ကသိုလ်၏ပြင်ပတွင်ဖြစ်သည်။

ထိုနေ့က . . .

ရန်ကျော်ဟိန်းသည် နယ်မှ ဆွေမျိုးများ လာသဖြင့် ရန်ကုန်မြို့တွင်း သို့ လိုက်လံ ပို့ဆောင်ရသည်။ ကမ္ဘာအေးဘုရား၊ မယ်လမု၊ ဗိုလ်တထောင်၊ ဆူးလေ၊ အာဇာနည်ကုန်း . . .

ခိုင်ဇာဝေကို အာဇာနည်ကုန်းတွင် တွေ့ဆုံသည်။

ရန်ကျော်ဟိန်းသည် မိန်းကလေးကို လူအုပ် တစ်အုပ်၏အလယ်တွင် ထင်းခနဲ မြင်လိုက်ရသည်။ ထင်းခနဲ တွေ့မြင်ရသည့်သဘောမှာမူ မဆန်း ချေ။ သူမနှင့် လူအုပ်သည် အသွင်အပြင် အရောင်အဆင်းများစွာမှပင် ခြားနားသောကြောင့် ဖြစ်သည်။

လူအုပ်က တောကျေးလက်မှ ရန်ကုန်မြို့သို့ ဘုရားဖူး လာရောက်ကြ သူမှန်း သိသာသည်။ သူတို့သည် အသစ်လွင်ဆုံး အဝတ်အထည်များကို ရွေးချယ် ဝတ်ဆင်ထားသော်လည်း ရန်ကုန်မြို့၏ အသွင်သဏ္ဌာန်နှင့်ကား များစွာ ခြားနားလျက် ရှိသည်။ ယောကျ်ားကြီးများသည် ခေါင်းတွင် မျက်နှာသုတ် တဘက်ကြီးများ ပေါင်းထားကြသည်။ မိန်းမကြီးတွေက လည်း ပခုံးတွင် တဘက်ကြီးတွေ တင်ထားကြသည်။ ကလေးကလေးတွေ က သျှောင်ပေစူးကလေးတွေ၊ စည်းကြက်တောင်ကလေးတွေနှင့် ဖြစ်သည်။ အပျိုရွယ် မိန်းကလေး နှစ်ဦးမှာလည်း နားသန်သီးတွေ တွဲလဲတွဲလောင်းနှင့် ဖြစ်ကြသည်။

ထိုအထဲတွင် မိန်းကလေးက နှစ်ဆယ်ရာစု ရန်ကုန်သူ၊ ကျောအလယ် လောက်တွင် ဖြတ်ထားသော ဆံပင်၊ အခြယ်အမှုန်း မရှိသော မျက်နှာ၊ ပင်ကိုယ်ဟန် နှုတ်ခမ်း စေ့ဟပဟနှင့် ညိုဝင်းသော မျက်လုံးအစုံ။

mgyoe.com

mgyoe.com

ကော်ဖီနုရောင် အင်္ကျီ၊ ချောကလက် အရင့်ရောင် လုံချည်၊ လည်အဝိုက်၊ ကျောခွဲဇစ်။

ရန်ကျော်ဟိန်းသည် အဒေါ်နှင့် ကလေးများက မေးမြန်းသဖြင့် အာဇာနည် ခေါင်းဆောင်ကြီးများအကြောင်း၊ လုပ်ကြံမှုနှင့် လုပ်ကြံမှုတွင် ပါဝင်သူများအကြောင်း ရှင်းလင်း ပြောပြနေရင်း မိန်းကလေးကို သတိပြုမိလိုက်ခြင်း ဖြစ်သည်။

မိမိ၏ ရှင်းလင်းပြောပြချက်များကို မိန်းကလေး၏ဝန်းကျင်မှ လူအုပ်ကလည်း နားထောင်နေသည်။ မိန်းကလေး ကိုယ်တိုင်ကလည်း နားထောင်နေဟန် ရှိသည်။

မိန်းကလေး၏မျက်လုံးမှာ မိမိကို စူးစိုက်လျက်ရှိကြောင်း ရန်ကျော်ဟိန်းက တွေ့ရှိရသည်။

မိမိကို မိန်းကလေးက အလျင်တွေ့ရှိဟန် ဖြစ်ပေသည်။ မိမိက နောက်မှ တွေ့ရှိရခြင်း ဖြစ်သည်။ မိမိ တွေ့ရှိချိန်တွင် မိန်းကလေးက မိမိကို စူးစိုက် အကဲခတ်လျက် ရှိချေသည်။

မိန်းကလေး၏ မျက်လုံးများသည် စူးစိုက်ခြင်း ရှိသလို ရဲရင့်ခြင်းလည်း ရှိသည်။ မိမိကို အတန်ကြာ မျက်လုံးချင်း ဆိုင်၍ ကြည့်နေပြီးမှ တစ်ဖက်သို့ မျက်နှာလွှဲသွားသည်။

ရန်ကျော်ဟိန်း မကျေမနပ် ဖြစ်နေသည်။ မိန်းကလေးကို မကျေနပ်ခြင်းလား၊ မိန်းကလေးက မိမိကို တွေ့ရှိသွားသည့်အတွက် မကျေနပ်ခြင်းလား၊ မိမိကိုယ် မိမိ မကျေနပ်ခြင်းလား။

မိမိကို မျက်နှာလွှဲသွားပြီး ဖြစ်သော မိန်းကလေးကို ရန်ကျော်ဟိန်းဆက်ပြီး ကြည့်နေသည်။ မိန်းကလေးနှင့် ပတ်သက်ပြီး တွေးနေသည်။ မိန်းကလေးသည်လည်း မိမိကဲ့သို့ပင် နယ်မှလာသော ဆွေမျိုးများကို လိုက်လံ ပို့ဆောင်ဟန် ရှိသည်။

ဟော. . . .

မိန်းကလေး မိမိကို ဖျတ်ခနဲတစ်ချက်ကြည့်သည်။ ပြီးတော့ မျက်လုံးများ ပြန်လွှဲသွားသည်။ မိန်းကလေး၏ အကြည့်တည်ငြိမ်သလို မိန်းကလေး၏ အမူအရာလည်း တည်ငြိမ်လှသည်။
mgyoe.com

mgyoe.com

မိန်းကလေး၏ ဝန်းကျင်မှ လူအုပ် လှုပ်ရှားသည်။ မလှမ်းမကမ်းတွင် ရှိသော ဖျော်ရည်ဆိုင်ဆီသို့ ထွက်သွားကြသည်။

မိန်းကလေး ပါမသွား၊ မိန်းကလေး ကျန်ရစ်သည်။

မိန်းကလေးသည် တစ်ယောက်တည်း. . .။

မိန်းကလေးသည် တစ်ယောက်တည်း ကျန်ခဲ့သည့် အဖြစ်ကို သတိပြုမိဟန် မရှိ။ ရန်ကျော်ဟိန်းကိုလည်း သတိပြုမိဟန် မရှိတော့။ ငေးနေသည်။ အဝေးသို့ ငေးနေသည်။

မိန်းကလေး၏ စိတ်အာရုံတို့သည် စကြဝဠာ တံတိုင်း၏ ပြင်ပတွင် လွင့်မျောနေကြဟန် ရှိသည်။ သူမ၏ ကိုယ်ခန္ဓာသည် မလှုပ်မယှက်။

မိန်းကလေး၏ မျက်နှာသည် တစ်စုံတစ်ခုကို လွမ်းဆွတ်တမ်းမောနေဟန် ရှိသည်။

ရန်ကျော်ဟိန်းသည် ထိုနေရာတွင် ကြာရှည်စွာ နေနိုင်ရန်အတွက် အဒေါ်နှင့် ကလေးတွေကို လုပ်ကြံမှုနှင့် လုပ်ကြံမှုတွင် ပါဝင်သူများ အကြောင်းပုံပြင်သဖွယ် စီကာပတ်ကုံး ပြောနေမိသည်။ မိမိ၏ အသံသည် မိန်းကလေး ထံသို့ လွင့်ပျံ့သွားချေမည် ဖြစ်သော်လည်း မိန်းကလေးက ဂရုမပြုတော့ဟန် ရှိသည်။

တိတ်ဆိတ်ငြိမ်သက်စွာ ငေးမောနေသည်။ သူမ၏ဆံပင်များသည် လေထဲတွင် ဝဲလွင့်လျက် ရှိသည်။ သူမ၏ မျက်နှာကို မကွယ်သည်သို့ ကွယ်သည်သို့ ရှိသည်။

ရုတ်တရက် ဆိုသလို. . .

မိန်းကလေးက ရန်ကျော်ဟိန်းကို လှည့်ကြည့်သည်။ ခေတ္တမျှ ငေးကြည့်နေသည်။ ရန်ကျော်ဟိန်း၏ ရင်ထဲတွင် လှုပ်ခတ်ခြင်းများဖြစ်လာသည်။

ထို့နောက် မိန်းကလေးသည် တစ်ဖက်သို့ လှည့်ပြီး တောင်ကုန်းထက်မှ ဖြည်းလေးစွာ ဆင်းသွားသည်။ ရန်ကျော်ဟိန်း ငေးပြီး ကျန်ရစ်သည်။

မိန်းကလေးသည် ဝေး၍ ဝေး၍ သွားချေပြီ။

မိမိကို လှည့်မကြည့်တော့။

အကြည့်ထူးသော မိန်းကလေး ပျောက်ကွယ်သွားချေပြီ။

သို့သော်. . .

mgyoe.com

mgyoe.com

ရန်ကျော်ဟိန်း၏ စိတ်အာရုံတွင် သူမ၏ သဏ္ဌာန်သည် ထင်ကျန်လျက်။

* * *

၂

ရန်ကျော်ဟိန်းနှင့် ခိုင်ဇာဝေတို့ ဒုတိယအကြိမ် ထပ်မံတွေ့ဆုံခြင်းသည် ဝသန္တ မဂ္ဂဇင်းတွင် ဖြစ်သည်။ ထိုနေ့ကလည်း ထိုအရပ်တွင် မိန်းကလေးကို တွေ့ရချေမည်ဟု ရန်ကျော်ဟိန်း လုံးဝ မမျှော်လင့်ချေ။

ညနေဘက်တွင် ဖြစ်သည်။ မဂ္ဂဇင်း ထွက်ရက် ဖြစ်သည်။ ရန်ကျော်ဟိန်း မဂ္ဂဇင်း ယူရန် ရောက်ရှိသွားသောအခါ အယ်ဒီတာစားပွဲ၏ ရှေ့ဘက်ကုလားထိုင် တစ်လုံးတွင် မိန်းကလေးကို တွေ့ရှိရသည်။

စားပွဲ၏ နောက်ဘက် ကုလားထိုင်တွင် အယ်ဒီတာ ဦးဘုမ္မာ မရှိချေ။

မိန်းကလေးသည် နမူနာ မဂ္ဂဇင်းကို ကြည့်နေရာမှ ခြေသံကြားဟန်ဖြင့် ဖျတ်ခနဲ မော့ကြည့်သည်။ သူတို့နှစ်ယောက် အကြည့်ချင်း ထိငြိသွားသည်။ နှစ်ယောက်စလုံးပင် သိမ့်ခနဲ ဖြစ်သွားသည်။ မိန်းကလေးကလည်း သူ့ကို ကောင်းစွာ မှတ်မိဟန် ရှိသည်။

ရန်ကျော်ဟိန်းသည် အခန်းဝတွင် ခြေလှမ်း တုံ့ခနဲဖြစ်သွားရာမှ အခန်းတွင်းသို့ သတိထားသော ခြေလှမ်းများဖြင့် လျှောက်ဝင်သွားပြီး. . .

"ဦးဘုမ္မာ မရှိဘူး ထင်တယ်"

"ဟုတ်ကဲ့"

မိန်းကလေးက ခပ်တိုးတိုး ဖြေပြီး မဂ္ဂဇင်းကို ပြန်ဖတ်သည်။ ရန်ကျော်ဟိန်း ခေတ္တမျှ ယောင်ချာချာ ဖြစ်နေသည်။ စားပွဲပေါ်ရှိ စာမူများကို လှမ်းကြည့်သည်။ ပန်းချီပုံ တစ်ခုကို ဆွဲယူကြည့်သည်။ ပြီးမှ မိန်းကလေးအနီးရှိ ကုလားထိုင်တွင် ဝင်ထိုင်သည်။ စားပွဲရှေ့တွင် ကုလားထိုင် နှစ်လုံးသာ ရှိသည်။

မိန်းကလေးက သူ့ကို တစ်ချက် ခိုးကြည့်သည်။

ရန်ကျော်ဟိန်း စိတ်ရှုပ်ထွေးနေသည်။ မိန်းကလေးသည် မည်သူနည်း။ သူ့ကို အလျင်က သည်မှာ တစ်ခါမျှ မတွေ့ဖူးပါ။

mgyoe.com

mgyoe.com

မိမိနှင့် သည်မိန်းကလေး အဘယ်ကြောင့် တိုက်ဆိုင်တွေ့ဆုံခြင်းများ ဖြစ်နေရသနည်း။ မိန်းကလေးကကော မိမိအကြောင်း စဉ်းစားတွေးတော နေသည်လား။

ရန်ကျော်ဟိန်း မသိမသာ ကြည့်သည်။ မိန်းကလေးက ဣန္ဒြေရစွာ ပင် စာဖတ်နေသည်။

အခန်းတွင်းသို့ ပန်းချီဆရာလူငယ်တစ်ဦး ဝင်လာသည်။ ရန်ကျော်ဟိန်း ကို သိသည်။ သူက ရန်ကျော်ဟိန်းနှင့် မိန်းကလေးကို အကဲခတ်ဟန်ဖြင့် ကြည့်ပြီး. . . .

"ဦးဘုမ္မာ မရှိဘူးလား"

"မတွေ့ဘူး"

ရန်ကျော်ဟိန်း ဖြေသည်။

"ကိုရန်ကျော်ဟိန်း ရောက်နေတာ ကြာပြီလား"

"အခုပဲ"

မိန်းကလေးထံမှ လှုပ်ရှားသံကြားရသည်။ မိမိနာမည်ကို သူ သိသွားပြီ။ သူ မှတ်မိမှာပါ။ သူ့နာမည်က ဘယ်သူများလဲ။ ရန်ကျော်ဟိန်း တွေးနေသည်။

အခန်းတွင်းသို့ ဝင်လာသောခြေသံများကြားရသည်။ အယ်ဒီတာ ဦးဘုမ္မာနှင့်စာရေးဆရာ နှစ်ယောက်ဖြစ်သည်။ ဦးဘုမ္မာက အခန်းတွင်း၌ ရှိနေသူ သုံးဦးကို ပြုံး၍နှုတ်ဆက်ပြီး . . .

"ရောက်နေတာ ကြာပြီလား"

"မကြာသေးပါဘူး အခုပဲ ရောက်ပါတယ်"

ပန်းချီဆရာက ပြောသည်။ ရန်ကျော်ဟိန်းနှင့် မိန်းကလေး လျင်မြန် စွာကြည့်လိုက်မိကြသည်။ ဦးဘုမ္မာက သူ့ကုလားထိုင်တွင် ဝင်ထိုင်သည်။ စားပွဲအံဆွဲကိုဖွင့်ပြီး မေတ္တာလက်ဆောင် တံဆိပ်များရိုက်နှိပ်ထားသော မဂ္ဂဇင်းသုံးအုပ်ကိုထုတ်ယူပြီး သူတို့ကိုပေးသည်။

"ကျွန်မ ပြန်ပါဦးမယ်"

မိန်းကလေးက စာအုပ်ရသည်နှင့်တစ်ပြိုင်နက် ဦးဘုမ္မာကို နှုတ်ဆက် ပြီးထသည်။ ရန်ကျော်ဟိန်း၏ရင်ထဲတွင် ဟာခနဲဖြစ်သွားသည်။ သူ သွားတော့မည်။ မိမိလိုက်သွားရမည်လား။ အို . . . မကောင်းပါဘူး။ စိတ်ထဲက မရဲ။

mgyoe.com

mgyoe.com

ဦးဘုမ္မာက . . .

"ရေးပါဦး တစ်နေ့က ပို့လိုက်တဲ့ကဗျာတော့ ပန်းချီအပ်ထားတယ်"

"ဟုတ်ကဲ့"

မိန်းကလေးထွက်သွားသည်။ ရန်ကျော်ဟိန်းနှင့် ပန်းချီဆရာငေးကြည့်ကြသည်။

"သူက ဘယ်သူလဲ"

ရန်ကျော်ဟိန်းမေးသည်။

"ခိုင်ဇာဝေ"

"ဩော် . . . ခိုင်ဇာဝေဆိုတာ သူကိုး။ သူ့ကဗျာလေးတွေ အတော်ကောင်းတာပဲ"

"ဟုတ်တယ်။ သူက အတွေးလည်း ရဲတယ်။ အရေးလည်း ရဲတယ်"

"လူကလည်း အတော်လှတာပဲ"

ပန်းချီဆရာက ဝင်ပြောသည်။

ရန်ကျော်ဟိန်း မကျေနပ်ဟန်ဖြင့် ပန်းချီဆရာကို ကြည့်သည်။ ပန်းချီဆရာက သူ့အကြည့်ကို သတိပြုမိဟန်မရှိချေ။ သူရေးဆွဲလာသော ပန်းချီကားကို အယ်ဒီတာ ဦးဘုမ္မာအား ပြသလျက် ရှိသည်။ သူတို့နှစ်ယောက်သည် သရုပ်ဖော်ပုံနှင့်ပတ်သက်ပြီး ညှိနှိုင်းပြောဆိုလျက်ရှိကြသည်။

ပန်းချီဆရာနှင့် အယ်ဒီတာတို့သည် မိန်းကလေးကို သတိမရကြတော့။ ရန်ကျော်ဟိန်း၏ စိတ်အာရုံကသာလျှင် မိန်းကလေး ခိုင်ဇာဝေဆီသာ ရစ်ဝဲလျက်။

ကဗျာ မိန်းကလေးရယ် . . .။

* * *

## ၂

တတိယအကြိမ်အဖြစ် တွေ့ဆုံကြရပြန်သည်ကတော့ တက္ကသိုလ် နယ်မြေတွင် ဖြစ်သည်။ ရန်ကျော်ဟိန်းသည် ဖခင်က ခိုင်းလိုက်သဖြင့် တက္ကသိုလ် ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနသို့ သွားရောက်ရသည်။ ထိုဌာနရှိ အရာရှိ စာရေးဆရာတစ်ဦးထံ စာအုပ်တစ်အုပ်သွားယူရခြင်းဖြစ်သည်။

mgyoe.com

mgyoe.com
နိုင်ငံခြားသားတစ်ဦးရေးသားသော မြန်မာ့သမိုင်းဆိုင်ရာ စာအုပ် တစ်အုပ်ဖြစ်သည်။

ဘီအိုစီ ကောလိပ်အဆောက်အအုံအတွင်းမှ ရန်ကျော်ဟိန်းထွက်လာသောအခါ မိုးရွာတော့မည့်အခြေအနေကို တွေ့ရှိရသည်။

အရပ်ရှစ်မျက်နှာ ညို့မှိုင်းလျက်ရှိသည်။

တစ်မိုးလုံးသည် ပြိုကျတော့မည့်ပမာ အုံ့ဆိုင်းနိမ့်ဆင်းလျက်ရှိသည်။

ရန်ကျော်ဟိန်းတွင် ထီးမပါပါ။ ထို့ကြောင့် မျက်နှာချင်းဆိုင်တွင် ရှိသော အားကစားကွင်းကို တစ်ချက်ကြည့်လိုက်ပြီး နောက်ဆင်ဝင်အောက်မှ ခပ်သုတ်သုတ်လျှောက်ထွက်ခဲ့သည်။

မိုးဖွဲကလေးများ ကျစပြုပြီ။

ဂျူတီကုတ်အဖြူကလေးတွေ ဝတ်ဆင်ထားသော ဆေးကျောင်းသူလေးနှစ်ဦးသည် ခေါင်းကိုစာအုပ်ကလေးများဖြင့် ဖုံးအုပ်ကာ ရန်ကျော်ဟိန်းကို ဝင်တိုက်တော့မလို ရှိသည်။ သူတို့ ရယ်မောသွားကြသည်။

ရန်ကျော်ဟိန်း ဒေါသဖြစ်ဖြစ်နှင့်လျှောက်သွားရာ ဝေါခနဲမောင်းဝင်လာသော ကားတစ်စီးနှင့်တိုက်မိမည် ရှိသဖြင့် အရှိန်တုံ့လိုက်ရသေးသည်။ ကားက မကြာခင်ကမှ နိုင်ငံခြားက ပါလာသော ဗောက်စ်ဝက်ဂွန်ဂေါ့ဖ်အမျိုးအစား။

လမ်းထိပ်သို့ရောက်သောအခါ မြောက်ဘက်သို့ ချိုးလိုက်သည်။ သစ်ပင်ကြီးများအုပ်ဆိုင်းလျက်ရှိသော်လည်း မိုးပေါက်များသည် သစ်ရွက်သစ်ခက်များအကြားမှ ဖောက်ကျလျက်ရှိသည်။

မိုးသည် ရွာချေပြီ။

မိုးသည် သည်းချေပြီ။

ကျောင်းသားတစ်ယောက် ဆေးတက္ကသိုလ်စာသင်ခန်းများဆီသို့ ပြေးသွားသည်။ ရန်ကျော်ဟိန်းလည်း နောက်ကြောင်း ပြန်တုံ့ရမည်လား၊ ဘောလုံးကွင်းပွဲကြည့်စင်ဆီသို့ ပြေးရမည်လားဟု ချိန်ဆသည်။

ပွဲကြည့်စင် ရိပ်ကိုခိုရန် ဆုံးဖြတ်လိုက်သည်။ ပြေးလွှားရန် ခြေလှမ်းပြင်လိုက်စဉ်မှာပင် သူ့ခြေလှမ်းများ တုံ့ဆိုင်းသွားရသည်။

သူ့ရှေ့တွင် အမျိုးသမီးတစ်ယောက်ရှိနေသည်။ သူ့ကို ကျောပေးပြီးသွားနေသည်။ သူနှင့် ဆယ်လှမ်းခန့်ကွာသည်။ ကျောင်းသူတစ်ဦးပင်

mgyoe.com

mgyoe.com
ဖြစ်သည်။ ခရမ်းရောင်လွယ်အိတ်ကလေး လွယ်ထားသည်။ ဘယ်ဘက်လက်မှ ထီးကို ကိုင်ထားပြီး ညာဘက်လက်တွင် ထမင်းဘူးပါရှိသည်။

ထိုအမျိုးသမီးကား တခြားမဟုတ်။

ခိုင်ဇာဝေပင်။

ရန်ကျော်ဟိန်း မိုးရွာထဲတွင် ခေတ္တမျှရပ်နေမိပြီးနောက် မိန်းကလေးနောက်သို့ ခြေလှမ်းကျဲကျဲဖြင့် လိုက်သွားသည်။

ခိုင်ဇာဝေက ခြေလှမ်းမှန်မှန်ဖြင့် လျှောက်သွားလျက်ရှိသည်။ နောက်သို့ လှည့်မကြည့်သဖြင့် မိမိ ပါလာသည်ကို သိချေမည် မဟုတ်ဟု ရန်ကျော်ဟိန်းက တွက်ဆသည်။

မိုးတွင်လေပါသဖြင့် မိုးစက်များသည် စွေစောင်းလျက်ရှိသည်။ မိန်းကလေးသည် ထီးဆောင်းထားသော်လည်း လုံချည်အောက်ပိုင်းမှာ စိုရွှဲလျက်ရှိချေပြီ။

ရန်ကျော်ဟိန်းသည် ခိုင်ဇာဝေကို စောစောက မမြင်မိ။ မိန်းကလေး ဘယ်ဘက်က လာချေသနည်းမသိ။ တောင်စူးစူးမှ လာသည်လည်းဖြစ်နိုင်သည်။ အနောက်ဘက်မှ လာပြီး မြောက်ဘက်သို့ ကွေ့ချိုးသွားသည်လည်း ဖြစ်နိုင်သည်။

ရန်ကျော်ဟိန်းက အရှေ့အရပ်မှ ဆင်းလာသူဖြစ်သည်။ ဆေးကျောင်းသူနှစ်ဦးနှင့်ဗောက်စ်ဝက်ဂွန်ဂေါ့ဖ်တို့ကြောင့် ရှေ့လမ်းကိုလှမ်းမျှော်ခြင်း မပြုလိုက်မိပေ။

ယခုမှ မိန်းကလေးကို ဘွားခနဲတွေ့ရှိရခြင်းဖြစ်သည်။

ရန်ကျော်ဟိန်း ခေါင်းနောက်သွားသည်။ မိန်းကလေးကိုနှုတ်ဆက်ရမည်လား။ မမြင်ချင်ဟန်ပြုပြီး ကျော်တက်သွားရမည်လား။ ထို့နောက် ဘာလုပ်ရမည်နည်း။ ပွဲကြည့်စင်တွင် မိုးခိုပြီး ကျန်ရစ်ခဲ့ရမည်လား။

ရန်ကျော်ဟိန်း ခြေလှမ်းလျှော့လိုက်သည်။ မိန်းကလေး၏ နောက်ဘက် သုံးလှမ်းကွာလောက်မှ ခပ်ဖြည်းဖြည်းလျှောက်ပြီး လိုက်သွားသည်။

မိန်းကလေး၏ပခုံးတစ်ဖက်နှင့် ကျောဘက်တွင် မိုးစက်များစိုစွတ်လျက်ရှိသည်။ မိန်းကလေး၏ ခရမ်းရောင်လုံချည်သည် ဝင်းဝါသော အသားများနှင့်အရောင်ချင်း ရောစပ်ထိကပ်လျက်ရှိသည်။
mgyoe.com

mgyoe.com

ခရမ်းရောင် ဖျော့ဖျော့နုနု။

အသားရောင် ဝင်းဝင်းအိအိ။

ရန်ကျော်ဟိန်း ရင်ထဲတွင် မောသလိုလို မွန်းကျပ်သလိုလို ရှိလာ သည်။ မိမိ၏ရင်သည် အနိမ့်အမြင့် ခုန်နေသည်ဟု ရန်ကျော်ဟိန်း ခံစား ရသည်။

အထက်သို့ မြင့်သွားပြီ။

အောက်သို့ နိမ့်သွားပြီ။

ရှေ့မှ သွားနေသော မိန်းကလေး ရုတ်တရက် ရပ်လိုက်သည်။ ရန်ကျော်ဟိန်းသည် မိုးကြိုးပစ်ခံလိုက်ရသည့်ပမာ ဒိန်းခနဲဖြစ်သွားပြီး ခြေတစ်လှမ်းကျွံသွားပြီးမှ ရပ်လိုက်နိုင်သည်။

နောက်နှစ်လှမ်းဆိုလျှင် မိန်းကလေးကို ဝင်တိုက်မိမည်ဖြစ်သည်။

မိန်းကလေးရယ် ဘယ်လိုလုပ်လိုက်တာလဲ။

ရန်ကျော်ဟိန်း မိုးရွာထဲတွင် ကျောက်ရုပ်ကြီးဖြစ်နေသည်။ သူ၏ ရှေ့တွင်ကား မိုးရေစက်များက ထုလုပ်ထားသော ယမင်းရုပ်စိုစိုအိအိ ကလေး။

"ကိုရန်ကျော်ဟိန်း လာလေ၊ မိုးစိုကုန်ပြီ မဟုတ်လား"

မိန်းကလေးက လှည့်မကြည့်ဘဲ ပြောသည်။ သူမ၏ အသံပြတ်သား ကြည်လင်သည်။ ရန်ကျော်ဟိန်း ဘာလုပ်ရမည်မသိ။

"ကိုရန်ကျော်ဟိန်း နေရစ်ခဲ့မှာလား။ ကျွန်မ သွားရမလား"

သည်တော့မှ ရန်ကျော်ဟိန်း ကမန်းကတန်း လျှောက်သွားသည်။ သူ့ခြေလှမ်းများ မှားယွင်းသည်။ သို့သော် မိန်းကလေး၏ဘေးသို့ ရောက် သွားသည်။ ခြေထောက်တစ်ဖက် အနုတ်အလှမ်း မမှန်သဖြင့် ဘေးသို့ ယိုင်သွားပြီး မိန်းကလေးနှင့် ပခုံးချင်းတိုက်မိသည်။

"အို့ . . . မတော်မိလို့"

မိန်းကလေးက သူ့ကိုမျက်လုံးများစွေစောင်းပြီး ကြည့်သည်။ ထို့နောက် ထီးကိုအနည်းငယ်မြှောက်ကာ သူ့ကိုဆောင်းပေးပြီး သူမ၏ညာ ခြေကို ရှေ့သို့ထုတ်လှမ်းသည်။

ရန်ကျော်ဟိန်းလည်း အနည်းငယ်လျှောက်သွားရင်း . . .

"မခိုင်ဇာဝေ လုံအောင် ဆောင်းပါ။ ကျွန်တော်က ကိစ္စမရှိပါဘူး။ တစ်ကိုယ်လုံး ရွှဲနေပါပြီ"

mgyoe.com

mgyoe.com

"စာအုပ်တွေက အရေးကြီးတယ်မဟုတ်လား။ ကျွန်မလည်း စိုတာပါပဲ"၊

မိန်းကလေးက သူ့ရင်တွင်ပိုက်ထားသော စာအုပ်များကို ကြည့်ရင်း မေးသည်။ ရန်ကျော်ဟိန်းကလည်း စာအုပ်များကို ငုံ့ကြည့်လိုက်ပြီး . . .

"ဟုတ်တယ် ဒီစာအုပ် စိုသွားလို့မဖြစ်ဘူး။ သူများဆီက ငှားလာရတာ။ စာအုပ်ကလည်း ရှားတယ်"

သူက ကတ်ထူဖုံးစာအုပ်စိမ်းကြီးကို ရည်ညွှန်းပြီး ပြောလိုက်သည်။ မိန်းကလေးကမူ စာအုပ်အစိမ်းကြီး၏အပြင်ဘက်တွင် ကပ်ထားသော ဗလာစာအုပ်နှစ်အုပ်ကို ဖျတ်ခနဲကြည့်ရင်း . . .

"မှတ်စုစာအုပ်တွေကကော အရေးမကြီးဘူးလား။ မိုးစိုရင် မှတ်ထားတာတွေ အကုန်ပျက်ကုန်မှာပေါ့"

"မိုးစိုလို့ ပျက်ကုန်မှတော့ မစိုးရိမ်ရပါဘူး။ ကျွန်တော်က ဘာမှ မမှတ်ထားဘဲ"

"ကျောင်းမတက်ဘူးလား"

"တက်ပါတယ်"

"မှတ်စု လိုက်မကူးဘူးလား"

သူခေါင်းခါသည်။

"ဘာပြုလို့လဲ"

"ခေါင်းထဲမှာပဲ မှတ်တယ်"

မိန်းကလေးက သူ့ခေါင်းကို ကြည့်ပြီး . . .

"တယ်ကောင်းတဲ့ ခေါင်းပါလား၊ မေ့မကုန်ဘူးလား"

"မေ့သွားတဲ့အကြောင်းတွေဟာ ခေါင်းထဲမှာ မှတ်ထားဖို့ မလိုတာ တွေပဲဖြစ်မှာပေါ့"

"စာမေးပွဲဖြေတော့ကော"

"ခေါင်းထဲမှာ မှတ်မိတာတွေကို ဖြေလိုက်တာပေါ့"

"စာမကျက်ဘူးလား"

"ကျွန်တော်က ကြက်တူရွေးမဟုတ်ဘူး။ နှုတ်တိုက်ကျက်တယ်လို့တော့ တစ်ခါမှ မရှိခဲ့ဖူးဘူး။ ဆရာတွေ ဆရာမတွေ ပြောတာတွေကို နားထောင်တယ်။ စာအုပ်တွေကို ဖတ်တယ်"

mgyoe.com

mgyoe.com

"စာမေးပွဲအောင်တာပဲလား"

"ခုထိတော့ တစ်ခါမှမကျဖူးသေးဘူး"

မိန်းကလေး အနည်းငယ်ခြေလှမ်းတုံ့လိုက်ပြီး . . .

"ကျွန်မ စာတိုက်ဝင်စရာရှိတယ်"

"ဝင်လေ"

လက်ဝဲဘက်သို့ သူတို့ချိုးကွေ့သည်။

မိုးသည်ရွာသွန်းဆဲ။

သူတို့နှစ်ယောက်လူချင်း ပူးကပ်လျက်။

"မခိုင်ဇာဝေ ဘာအဓိကလဲ"

"ကျွန်မ စီးပွားရေးကပါ။ ကိုရန်ကျော်ဟိန်းကော"

"သမိုင်း"

"ကျွန်မနာမည်ကို ဘယ်လိုသိတာလဲ"

"တလောက ဝသန္တမှာ တွေ့ကြတယ်လေ"

"ဆရာဦးဘုမ္မာပြောတာလား"

"ကျွန်တော် မေးတာပါ"

"ဆရာဦးဘုမ္မာ ဘာတွေပြောသေးသလဲ"

"မခိုင်ဇာဝေက အတွေးလည်းရဲတယ်၊ အရေးလည်း ရဲတယ်တဲ့"

"ကျွန်မ နာမည်ရင်းက ခိုင်ခိုင်ဝေပါ"

"ခိုင်ဇာဝေဆိုတဲ့နာမည်ကို ကျွန်တော် သဘောကျတယ်"

"ကျွန်မ ကဗျာ ငါးပုဒ်ပဲရေးဖူးပါသေးတယ်"

"အရေအတွက်က အဓိက မဟုတ်ပါဘူး။ အရည်အချင်းက အဓိက ပါ"

တက္ကသိုလ်စာတိုက်သို့ သူတို့ရောက်ရှိသည်။ နှစ်ယောက်စလုံး ရွှဲရွှဲစိုနေပြီး မိန်းကလေးသည် သကြန်မယ်ကလေးပမာ။

စာတိုက်ထဲတွင် မိုးခိုနေသူများ၊ မိုးမိနေသူများ။ တချို့သည် တစ်ယောက်တည်း၊ တချို့သည် သုံးလေးယောက်၊ တချို့မှာမူ အတွဲများ။

ခိုင်ဇာဝေက စာတစ်စောင် မှတ်ပုံတင်သည်။

ထို့နောက် တစ်နေရာမှာ သူတို့မတ်တတ်ရပ်နေကြသည်။

မိုးသည် သည်းထန်လျက်။

mgyoe.com

mgyoe.com

"ကိုရန်ကျော်ဟိန်းရဲ့ ကလောင်နာမည်က ဘယ်သူလဲ"

ခိုင်ဇာဝေက သူ့ကိုမကြည့်ဘဲမေးသည်။

"ရန်ကျော်ဟိန်းဆိုတဲ့နာမည်တော့ မကြားဖူးဘူးမဟုတ်လား"

"ကျွန်မ မဖတ်ဖူးတာလည်း ဖြစ်နိုင်ပါတယ်"

"မဖတ်ဖူးတာမဟုတ်ပါဘူး။ ကျွန်တော်က ဘာမှ မရေးဖူးတာပါ"

"ဟိုနေ့က ဆရာဦးဘုမ္မာက ကိုရန်ကျော်ဟိန်းကိုလည်း မေတ္တာလက်ဆောင်စာအုပ် ပေးလိုက်တယ်မဟုတ်လား"

"ကျွန်တော့်ဖေဖေအတွက်ပါ"

"ကိုရန်ကျော်ဟိန်းတို့ ဖေဖေက ဘယ်သူလဲ"

"တိုးဟိန်း"

ခိုင်ဇာဝေ ရုတ်တရက်လှုပ်ရှားသွားပြီး . . .

"တိုးဟိန်း ဟုတ်လား"

အံ့သြစွာ ရွတ်ဆိုလိုက်သည်။ ထို့နောက် . . .

"သြော် . . . ကိုရန်ကျော်ဟိန်းက ဆရာတိုးဟိန်းရဲ့သားကိုး"

သူဘာမှမပြော။ အမျိုးသမီးကို ကြည့်နေသည်။ အမျိုးသမီးကို အကဲခတ်နေသည်။

"ဆရာတိုးဟိန်းရဲ့စာအုပ်တွေ အားလုံးကို ကျွန်မ ဖတ်ဖူးပါတယ်"

"ဟုတ်ကဲ့"

"ဝတ္ထုတွေရော၊ ဝတ္ထုမဟုတ်တာတွေရောပေါ့"

တိုးဟိန်း၏ဝတ္ထုမဟုတ်သောစာအုပ်များမှာ ခရီးသွားဆောင်းပါးများ၊ စာပေရေးရာစာအုပ်များ၊ သမိုင်းစာအုပ်များ၊ အတ္ထုပ္ပတ္တိများဖြစ်ကြသည်။

တိုးဟိန်း၏ဝတ္ထုများကိုပင် သာမန်အပျော်ဖတ်သမားများ မဖတ်ကြ။ စာပေကို အလေးအနက်ထားသူများသာ ဖတ်ကြသည်။ တိုးဟိန်း၏ ဝတ္ထုမဟုတ်သော စာအုပ်များကိုကား သုတေသီများ၊ လေ့လာသူများ၊ စာပေသမိုင်း၊ နိုင်ငံရေးတွင် စိတ်ပါဝင်စားသူများသာ ဖတ်ရှုကြသည်။

တိုးဟိန်းသည် စာရေးဆရာတစ်ဦးအဖြစ်နှင့်သာ ထင်ရှားသည် မဟုတ်။ အဖွဲ့အစည်းများ၊ အမျိုးသားရေးလှုပ်ရှားမှုများတွင် ပါဝင်ခဲ့သူအဖြစ်လည်း ထင်ရှားသည်။

သူသည် တို့ဗမာအစည်းအရုံးဝင် သခင်တစ်ဦးဖြစ်သည်။ ဗြိတိသျှ

mgyoe.com

mgyoe.com

ကို တော်လှန်ရာတွင် ပါဝင်ခဲ့သည်။ ဖက်ဆစ်ကို တော်လှန်ရာတွင် ပါဝင်ခဲ့သည်။ အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုများတွင် ပါဝင်ခဲ့သည်။

နိုင်ငံရေးနှင့် ထောင်လေးကြိမ် ကျခဲ့သည်။

"ကိုရန်ကျော်ဟိန်းတို့ရဲ့ အဖေကို ကျွန်မ အများကြီးလေးစားပါတယ်။ ဆရာ့ရဲ့စာတွေကို အမြဲတမ်းတန်ဖိုးထားပြီး ဖတ်ခဲ့ပါတယ်။ လေ့လာခဲ့ပါတယ်။ ကျောင်းမှာ ဆရာလာဟောတုန်းကလည်း ကျွန်မ နားထောင်ခဲ့ပါတယ်"

မိန်းကလေးက မိမိ၏ဖခင်နှင့်ပတ်သက်၍ လေးလေးစားစားပြောဆိုနေသည်ကို ရန်ကျော်ဟိန်း တိတ်ဆိတ်စွာနားထောင်နေသည်။

"ဒါပေမဲ့ ဆရာ့ကို ကျွန်မ တစ်ခါမှ မတွေ့ခဲ့ဖူးပါဘူး။ လူချင်းနီးနီးကပ်ကပ်မဆုံခဲ့ဖူးပါဘူး။ ဝသန္တမဂ္ဂဇင်းတိုက်မှာ တခြားစာရေးဆရာကြီး တွေ၊ ကဗျာဆရာကြီးတွေနဲ့ ဆုံခဲ့ရပေမယ့် ဆရာနဲ့တော့ တစ်ခါမှ မဆုံ ခဲ့ရပါဘူး"

"ဖေဖေက ကျန်းမာရေးသိပ်မကောင်းတော့ နောက်ပိုင်းမှာ အပြင်သိပ်မထွက်နိုင်ပါဘူး။ မဂ္ဂဇင်းတိုက်တွေ၊ စာအုပ်တိုက်တွေကို ကျွန်တော်ပဲ သွားရပါတယ်"

"ဟုတ်ကဲ့ . . . ဆရာ့ ကျန်းမာရေးမကောင်းဘူးဆိုတာ ကျွန်မတို့ ကြားပါတယ်။ ကျောင်းမှာ ဟောတုန်းကလည်း ဆရာ သိပ်ကြာကြာ မဟောနိုင်ဘူး။ မောနေတယ်"

"ဟုတ်တယ် . . . ဖေဖေ့ခြေထောက် တစ်ဖက်ကလည်း ခဏခဏ ပြန်ပြန်နာတယ်။ အကြာကြီး မရပ်နိုင်ဘူး။ အကြာကြီးမလျှောက်နိုင်ဘူး"

"ဆရာ့ကို သွားကန်တော့ဖို့ ကျွန်မ ခဏခဏ စိတ်ကူးမိပါတယ်"

မိန်းကလေးက ခပ်တိုးတိုးပြောသည်။

"ဖေဖေ့ဆီကို လူငယ်စာပေသမားတွေ အများကြီးပဲ လာကြတယ်။ မေးကြမြန်းကြ ဆွေးနွေးကြတယ်။ ဖေဖေက လူငယ်တွေနဲ့ တွေ့ရ ဆွေးနွေးရတာကို သိပ်ပြီးအားရကျေနပ်တယ်။ မခိုင်ဇာဝေလာမယ်ဆိုရင်လည်း ဖေဖေဝမ်းသာအားရမှာ အမှန်ပါပဲ"

"ကျွန်မ လာပါ့မယ်"

"မခိုင်ဇာဝေ အလျဉ်းသင့်မယ့် တစ်နေ့မှာ ကျွန်တော်နဲ့လိုက်ခဲ့ပေါ့"

သူက အမျိုးသမီးကို တည်ကြည်စွာကြည့်ရင်း ပြောသည်။ ခိုင်ဇာဝေ

mgyoe.com

mgyoe.com

ခေတ္တမျှ ချင့်ချိန်နေဟန်ရှိပြီး ခေါင်းညိတ်သည်။

သူတို့နှုတ်ဆိတ်နေကြသည်။

မိုးတိတ်သွားပြီ ဖြစ်သည်။ စာတိုက်အဆောက်အအုံထဲတွင် သူတို့နှစ်ယောက်အပြင် ကျောင်းသူ၊ ကျောင်းသားအနည်းငယ်သာ ရှိတော့သည်။ အားလုံး သွားကုန်ကြပြီဖြစ်သည်။ သူတို့လည်း သွားကြရပေတော့မည်။

ရန်ကျော်ဟိန်း၏ ရင်ထဲတွင် မိမိတို့ခွဲခွာကြရတော့မည်ဟူသော အတွေးဝင်လာသည်။ မိန်းကလေးလည်း မိမိလိုပင် တွေးမိဟန်ရှိသည်။ ငေးငိုင် တုံ့ဆိုင်းလျက်ရှိသည်။

မိုးတိတ်သွားပြီဖြစ်သော်လည်း မိုးအေးနေဆဲပင်ဖြစ်သည်။ သူတို့၏ စိုရွှဲနေသော အဝတ်အစားများလည်း မခြောက်တတ်သေး စွတ်စိုလျက်ပင် ရှိသေးသည်။

လေတစ်ချက် ဝှေ့လိုက်သောအခါ သူတို့ သိမ့်ခနဲဖြစ်သွားကြသည်။

"မခိုင်ဇာဝေ ချမ်းသလား"

"မချမ်းပါဘူး၊ နည်းနည်းတော့ အေးတာပေါ့"

"ကော်ဖီပူပူလေး သောက်လိုက်ကြရင် ကောင်းမယ်"

မိန်းကလေးက သူ့ကိုညိုဝန်းသော မျက်လုံးများနှင့် ခေတ္တကြည့်နေပြီးနောက် ခေါင်းကလေးကို အသာအယာညိတ်လိုက်သည်။

* * *

၄

"အံ့သြစရာပဲ"

ရန်ကျော်ဟိန်းက ပြောသည်။ ခိုင်ဇာဝေ ခေါင်းမော့ပြီး . . .

"ဘာကိုလဲ"

"ကျွန်တော်တို့ နှစ်ယောက် တွေ့ကြတာလေ"

"ဘာများလဲလို့"

မိန်းကလေးက မကျေနပ်ဟန်ကလေးဖြင့် ဆိုသည်။

"အာဇာနည်ကုန်းမှာ စတွေ့ကြတာနော်"

mgyoe.com

mgyoe.com

မိန်းကလေး ဘာမျှမပြော။

ရန်ကျော်ဟိန်း ခေတ္တမျှ တုံ့ဆိုင်းနေပြီးနောက် . . .

"ပထမတော့ မခိုင်ဇာဝေ တစ်ယောက်တည်းလို့ မထင်ဘူး၊ နယ်က ဧည့်သည်တွေကို လိုက်ပို့တာပဲလို့ အောက်မေ့တယ်"

မိန်းကလေးက သူ့ကိုကြည့်သည်။ မသိမသာ မျက်မှောင်ကုတ်ဟန် ရှိသည်။

"အဲဒီတုန်းက မခိုင်ဇာဝေ ဘယ်သူ့ကိုစောင့်နေတာလဲ"

"အို . . . ကျွန်မ ဘယ်သူ့ကိုမှ မစောင့်ပါဘူး"

"အံ့သြစရာပဲ"

"ကိုရန်ကျော်ဟိန်းက တော်တော်အံ့သြတတ်တာပဲ"

"ဟုတ်တယ်၊ မခိုင်ဇာဝေကို ကျွန်တော် အံ့သြတယ်"

"သြော် . . . သြော် . . . "

"ကျွန်တော် ကြည့်လိုက်တော့ မခိုင်ဇာဝေ ကျွန်တော့်ကို ကြည့်နေတယ်"

မိန်းကလေး မျက်နှာ ရဲသွားသည်။

"ဟုတ်တယ် မခိုင်ဇာဝေကို ကျွန်တော်တွေ့တဲ့အချိန် မခိုင်ဇာဝေက ကျွန်တော့်ကို ကြည့်နေတယ်"

"အံ့သြစရာပဲ"

"ဟော . . .မခိုင်ဇာဝေတောင် အံ့သြတတ်ပြီ"

မိန်းကလေး မပွင့်တပွင့်ပြုံးသည်။

"ကျွန်မတို့ ထပ်ပြီး တွေ့ကြရလိမ့်မယ်လို့ ကျွန်မ မထင်ခဲ့ပါဘူး"

"ဒါကြောင့်မို့လို့ အံ့သြစရာကောင်းတယ်လို့ ပြောတာပေါ့"

"လူ့ဘဝမှာ မမျှော်လင့်တာတွေဆိုတာ မရှိပါဘူး။ အားလုံးဟာ ဖြစ်ပျက်ရမယ့်အတိုင်း ဖြစ်ပျက်ကြတာပဲ။ သမိုင်းဆိုတာ လူတွေတည် ဆောက်ထားတဲ့အဆောက်အအုံတစ်ခုပဲ"

"ကိုရန်ကျော်ဟိန်း"

"ဟုတ်ကဲ့"

မိန်းကလေးသည် တစ်စုံတစ်ခုပြောမည်ရှိပြီးမှ မပြောဆုတ်ဆိုင်း လျက်ရှိသည်။

"မခိုင်ဇာဝေ ဘာပြောမလို့လဲ"

mgyoe.com

mgyoe.com

"ဪ . . . ကိုရန်ကျော်ဟိန်းတို့ ဖေဖေ အခု ဘာရေးနေသလဲ"

မိန်းကလေး ခပ်လေးလေးမေးသည်။ မူလပြောမည့်စကား ဟုတ်သည် ဟုမထင်။ သို့သော် ရန်ကျော်ဟိန်း ဂရုထားမိဟန် မပြဘဲမေးသည်ကိုပဲ ဖြေသည်။

"မိမိနှင့်တိုင်းပြည်"

"အဲဒီစာအုပ် ကြော်ငြာထားတာ တော်တော်ကြာပြီပဲ"

"ဟုတ်တယ် ဝတ္ထုက သမိုင်းနောက်ခံဆိုတော့ သမိုင်းအချက်အလက်တွေကို စုဆောင်းနေရလို့ပဲ။ အခု ဒီစာအုပ်သွားငှားတာကလည်း ဖေဖေ့စာအုပ်အတွက် အရေးကြီးတဲ့ အချက်အလက်တွေပါလို့ပဲ"

ရန်ကျော်ဟိန်းက စားပွဲပေါ်တွင် တင်ထားသော စာအုပ်စိမ်းကြီးကို ကြည့်ရင်း ပြောသည်။ မိန်းကလေးကလည်း စာအုပ်ကိုကြည့်သည်။ စာအုပ်အမည်ကို ယခုမှ တွေ့ရှိသွားဟန်ရှိသည်။ ခပ်တိုးတိုးဖတ်သည်။

"Loyalist in Myanmar"

"မြန်မာနိုင်ငံမှ သစ္စာရှိများဆိုတာ အင်္ဂလိပ်တွေက သတ်မှတ်ချက်ပဲပေါ့။ ကျွန်တော်တို့ဘက်ကနေ ပြန်ပြောရရင် ကိုယ့်တိုင်းပြည်တွင်းက သစ္စာဖောက်များပေါ့"

"ဆရာ့စာအုပ်မှာ သစ္စာဖောက်တွေအကြောင်းလည်းပါမှာလား"

မိန်းကလေး၏အသံ အနည်းငယ် တုန်နေသည်ဟု ရန်ကျော်ဟိန်း ထင်သည်။

"ကျွန်တော်တို့ဟာ သူရဲကောင်းတွေအကြောင်း ပြောရင် သစ္စာဖောက်တွေ အကြောင်းလည်း ပြောရတာပဲ မဟုတ်လား၊ ဖေဖေ့ဝတ္ထုတွေမှာ အခါတိုင်းလည်း ရေးတာပါပဲ"

"ကျွန်မတို့ သွားကြစို့"

"မခိုင်ဇာဝေ ကလပ်စ်တက်ရဦးမလား"

"ကလပ်စ်တွေ ပြီးပါပြီ"

"အိမ်ပြန်မှာလား"

"ဟုတ်ကဲ့"

"ကျွန်တော်တို့ ဘယ်တော့ တွေ့ကြဦးမလဲ"

"ရှင် . . ."

mgyoe.com

mgyoe.com

မိန်းကလေး ထိတ်လန့်သွားဟန်ဖြင့် သူ့ကိုကြည့်သည်။

"မခိုင်ဇာဝေ ဖေဖေနဲ့တွေ့ရအောင် အိမ်လိုက်မယ်ဆိုလို့ပြောတာပါ"

"ဩော် . . . ကျွန်မ ပြောပါ့မယ်"

"ကော်ဖီသောက်ဦးလေ"

ကော်ဖီတွေ အေးနေပြီဖြစ်သည်။ သို့သော် သူတို့၏ရင်ထဲတွင်ကား ပူနွေးလျက် ရှိကြသည်။

* * *

## ၅

နောက်တစ်နေ့တွင် စီးပွားရေး တက္ကသိုလ်သို့ ရန်ကျော်ဟိန်း သွားရောက်သည်။ စာသင်ခန်းတစ်ခုတွင် ကထိကတစ်ဦး၏ သင်ကြားပို့ချမှုကို လိုက်နာလျက်ရှိသော ခိုင်ဇာဝေကို တွေ့ရသည်။ ရန်ကျော်ဟိန်းအပြင်စင်္ကြံမှာပင် ရပ်စောင့်နေသည်။

စာသင်ချိန် ပြီးဆုံးသွားသောအခါ အခန်းတံခါးပေါက်များမှ ကျောင်းသူကျောင်းသားများ ပွင့်အန်ပြီး ထွက်လာကြသည်။ ခိုင်ဇာဝေက နောက်ဆုံးလောက်မှ ထွက်လာသည်။ မိန်းကလေး တစ်ယောက်တည်း ဖြစ်သည်။ သူမတွင် အတွဲ မပါပါ။ အဖော် မပါပါ။

တံခါးပေါက်တွင် ရပ်နေသော ရန်ကျော်ဟိန်းကို ရုတ်တရက်တွေ့မြင်သွားသောအခါ မိန်းကလေး အနည်းငယ် တုန်လှုပ်ချောက်ချားသွားဟန်ရှိသည်။ သို့သော် အံ့သြဟန်ကား မရှိချေ။

"ဩော် . . . ကိုရန်ကျော်ဟိန်း"

"ဟုတ်ပါတယ် မခိုင်ဇာဝေ၊ ကျွန်တော်ပါ။ တစ္ဆေခြောက်တာ မဟုတ်ပါဘူး။ ဒါပေမဲ့ မခိုင်ဇာဝေအဖို့ ခြောက်လှန့်ခြင်းခံလိုက်ရတယ်ဆိုရင် ကျွန်တော်တောင်းပန်ပါတယ်"

အမျိုးသမီးက ပတ်ဝန်းကျင်ကို ကြည့်သည်။ အခန်းတွင်း၌ မည်သူမျှ မရှိတော့။ စင်္ကြံမှာလည်း လူရှင်းနေပြီဖြစ်သည်။ မိန်းကလေးသုံးလေးယောက်သည် သူတို့ကို သမင်လည်ပြန်ကြည့်ရင်း ထောင့်ချိုးတွင် ကွယ်ပျောက်သွားကြပြီဖြစ်သည်။

mgyoe.com

mgyoe.com

"ကိုရန်ကျော်ဟိန်း ဘယ်သွားမလို့လဲ"

"လူတစ်ယောက်နဲ့ တွေ့မလားလို့ လာတာပဲ"

"တွေ့ပြီလား"

"အခုပဲ တွေ့ပါတယ်"

"ဩော်"

"မခိုင်ဇာဝေ အားရင် ကော်ဖီအေးအေးလေး သောက်ကြရအောင်လား"

"ကလပ်စ်တွေ ရှိသေးတယ်"

"ဘယ်နှချိန် ကျန်သေးသလဲ"

မိန်းကလေး အနည်းငယ်တုံ့ဆိုင်းပြီး . . .

"နှစ်ချိန်"

"ကျွန်တော် စာကြည့်တိုက် သွားပြီး ပြန်လာခဲ့မယ်လေ"

"ကျွန်မလည်း စာကြည့်တိုက်ကို သွားစရာရှိပါတယ်"

"ဒီလိုဆိုရင်"

"စာကြည့်တိုက်ကို ကျွန်မ လာခဲ့မယ်လေ"

စင်္ကြံအတိုင်း သူတို့လျှောက်ခဲ့ကြသည်။ စာသင်ခန်းတစ်ခုအတွင်းသို့ ခိုင်ဇာဝေ ဝင်ရောက်သည်။ ရန်ကျော်ဟိန်း ပိဋကတ်တိုက်သို့ သွားသည်။

သင်တန်းနှစ်ချိန် မစောင့်ရပါ။ သင်တန်း တစ်ချိန်အပြီးမှာပင် ခိုင်ဇာဝေ ရောက်ရှိလာသည်။ ငှားရမ်းထားသော စာအုပ်တစ်အုပ် ပြန်အပ်သည်။ ရန်ကျော်ဟိန်းက စာအုပ်တစ်အုပ် ငှားယူသည်။ သူ၏ဖခင် မှာလိုက်သော စာအုပ်ဖြစ်သည်။

ပိဋကတ်တိုက်မှ ထွက်ခဲ့ကြသောအခါ . . .

"ဖေဖေက မခိုင်ဇာဝေကို တွေ့ချင်လို့တဲ့ . . ."

"ရှင် . . ."

မိန်းကလေးဟာ အာမေဋိတ်သံ ပြုသည်။

"မနေ့က ကျွန်တော် အိမ်ပြန်ရောက်တော့ မခိုင်ဇာဝေ လာမယ်ဆိုတာ ဖေဖေ့ကိုပြောလိုက်တယ်"

"ဟုတ်ကဲ့"

"ဖေဖေကလည်း မခိုင်ဇာဝေကို တွေ့ချင်နေတာနဲ့ အတော်ပဲ ဖြစ်သွားတယ်"

mgyoe.com

mgyoe.com

"ဆရာက ကျွန်မကို တွေ့ချင်နေတယ်ဟုတ်လား"

"ဟုတ်တယ် ဖေဖေက မခိုင်ဇာဝေကို တွေ့ချင်နေတယ်။ ဖေဖေက မခိုင်ဇာဝေရဲ့ကဗျာတွေကို ဖတ်ဖူးတယ်။ ကြိုက်လည်း တော်တော်ကြိုက်တယ်၊ အဲဒီအထဲမှာ ဖေဖေအကြိုက်ဆုံးက ခြောက်လှန့်ခြင်းကဗျာပဲ"

ခိုင်ဇာဝေ မျက်လွှာချသည်။ ချီးမွမ်းသည့်ဒဏ်ကို မခံနိုင်၍ပဲ ဖြစ်သည်။ အကဲ့ရဲ့ခံရသည့်အခါတွင် တစ်မျိုးရှက်ပြီး ချီးမွမ်းခံရသည့်အခါတွင်လည်း တစ်မျိုးရှက်တတ်ကြသည်။

ခိုင်ဇာဝေ၏ခြောက်လှန့်ခြင်းကဗျာကို ရန်ကျော်ဟိန်းလည်း ကြိုက်သည်။ လူတစ်ယောက်၊ သူ့မှာ ရွှေငွေဥစ္စာရှိသည်။ တိုက်တာခြံမြေရှိသည်။ နောက်ဆုံးပေါ်ကား ရှိသည်။ သူ့ကို ကာကွယ်စောင့်ရှောက်မည့် တပည့်လက်သားတွေလည်း ရှိသည်။ သို့သော် သူသည် နေ့စဉ်နေ့တိုင်းပင် ခြောက်လှန့်ခြင်း ခံနေရသည်။ ညတွင်လည်း အခြောက်ခံခဲ့ရသည်။ နေ့တွင်လည်း အခြောက်ခံရသည်။ အဝတ်ကောင်းကောင်းလေး ဝတ်လျှင်လည်း အခြောက်ခံရသည်။ အစားကောင်းကောင်းလေးစားလျှင်လည်း အခြောက်ခံရသည်။ သူ့ကိုခြောက်လှန့်နေသည့်အရာမှာ အခြားမဟုတ်ချေ။ တိုင်းပြည်နှင့် လူမျိုးအပေါ် သစ္စာဖောက်ခဲ့မိသည့်ပြစ်မှုပင်တည်း။

ခြောက်လှန့်ခြင်းသည် ခိုင်ဇာဝေ၏ ပထမဆုံးကဗျာပင်ဖြစ်သည်။ ထိုကဗျာဖြင့်ပင် ခိုင်ဇာဝေဟူသော ကလောင်အမည်သည် ထင်ရှားခဲ့ရသည်။ ကဗျာဆရာများ၊ စာရေးဆရာများ၊ ဝေဖန်ရေးဆရာများ၊ စာပေ လိုက်စားသူများက အသိအမှတ်ပြုခဲ့ကြသည်။ ချီးကျူးခဲ့ကြသည်။

"ဒီရက်အတွင်းမှာပဲ ကိုရန်ကျော်ဟိန်းနဲ့ ကျွန်မလိုက်ခဲ့ပြီး ဆရာ့ကို ကန်တော့ပါမယ်။ ဆရာ့ဝတ္ထုတွေ၊ ဆရာ့စာအုပ်တွေ ဖတ်ပြီး ကျွန်မမှာ အတွေးအခေါ်တွေ အတတ်ပညာတွေ ရခဲ့ရပါတယ်။ ကျွန်မရဲ့အတွေးအခေါ်နဲ့ ကဗျာတွေမှာ ဆရာ့ရဲ့သြဇာသက်ဝင်နေပါတယ်"

"ဖေဖေကတော့ မခိုင်ဇာဝေကို အမြန်ဆုံးတွေ့ချင်နေတယ်။ ဖြစ်နိုင်ရင် ယနေ့ နက်ဖြန်ခါပဲပေါ့၊ ဒါကြောင့်မို့ မခိုင်ဇာဝေဆီကို ကျွန်တော်လာခဲ့တာပဲ"

မိန်းကလေးက သူ့ကိုကြည့်သည်။ မယုံကြည်ဟန်လား၊ နားမလည်ဟန်လား။

mgyoe.com

mgyoe.com

"ဒီလိုပါ ဖေဖေက မခိုင်ဇာဝေနဲ့ တွေ့ဖို့ ကိစ္စတစ်ခုရှိနေတယ်"

"ဆရာက ကျွန်မနဲ့တွေ့ဖို့ ကိစ္စတစ်ခုရှိတယ် ဟုတ်လား"

"ဟုတ်တယ်"

"ဘာကိစ္စလဲ"

"ဘာကိစ္စလဲလို့တော့ မပြောဘူး။ ငါသူနဲ့ တွေ့ချင်နေတာနဲ့ အတော်ပဲ။ အမြန်ဆုံးတွေ့ရရင် ကောင်းမယ်။ သူနဲ့ တွေ့ဖို့ အရေးတကြီးကိစ္စ တစ်ခုရှိတယ်လို့ပြောတယ်"

မိန်းကလေး အတန်ကြာဆိတ်ငြိမ်နေပြီးနောက် . . .

"ဘာကိစ္စများ ဖြစ်မလဲမသိဘူး"

"မခိုင်ဇာဝေ ကနေ့ လိုက်ခဲ့ပါလား"

မိန်းကလေး ခေတ္တမျှ စဉ်းစားဟန်ပြုပြီး ယတိပြတ်ဆုံးဖြတ်ချက် ချလိုက်ဟန်ဖြင့် . . .

"ကောင်းပြီလေ ဆရာနဲ့တွေ့ရအောင် ကျွန်မ လိုက်ခဲ့မယ်"

* * *

## ၆

စာရေးဆရာတိုးဟိန်းသည် အသက်ကြီးလှပြီကား မဟုတ်ချေ။ ၅၅ နှစ်မျှသာ ဖြစ်သည်။ သို့သော် ၆၀ ကျော်ပြီဟု ထင်ရသည်။ အဘိုးကြီး တစ်ယောက်ဟု ထင်ရသည်။ ဆံပင်တွေဖြူဖွေးလျက်ရှိသည်။ ရှည်လျားသော ခါးသည် ကိုင်းညွတ်လျက်ရှိသည်။ အရိုးပေါ်တွင် အရေတင်သည်ဟု ပြောနိုင်လောက်အောင်ပင် အသားတွေပါးရှားလျက်ရှိသည်။ ကျိုးသွားသော သွားများကိုပြန်စိုက်ထားခြင်းမရှိသဖြင့် ပါးနှစ်ဖက်သည် ချိုင့်ဝင်လျက် ရှိသည်။

သို့သော် သူ၏မျက်လုံးများကား တောက်ပြောင်စူးရှလှသည်။ သူ၏ လှုပ်ရှားပြောဆိုမှုများသည် မယုံကြည်နိုင်လောက်အောင်ပင် အားမာန် ပြည့်လျက်ရှိသည်။

ရန်ကျော်ဟိန်းနှင့်ခိုင်ဇာဝေတို့ ရောက်ရှိသွားချိန်တွင် ဆရာတိုးဟိန်းသည် စာရေးစားပွဲတွင် စာသွက်သွက်ရေးလျက်ရှိသည်။ အခန်းတွင်းသို့

mgyoe.com

mgyoe.com
ဝင်လာသောခြေသံများကို ကြားဟန်ရှိသော်လည်း ရုတ်တရက်လှည့်မကြည့်သေးဘဲ ရေးလက်စဝါကျကို ပြီးဆုံးအောင်ရေးနေဟန်ရှိသည်။ ပြီးမှ ဖောင်တိန်အဖုံးကို ပိတ်ကာ ချထားလိုက်သည်။ အနီးကြည့်မျက်မှန်ကို မျက်နှာမှ ဖြုတ်ပြီး ရေးလက်စစာရွက်များပေါ်တွင် ဖိတင်ထားလိုက်သည်။

"လာကြဟေ့ ထိုင်ကြ"

"ဆရာ စာရေးတာ အနှောင့်အယှက်ဖြစ်သွားပြီနဲ့ တူတယ်။ ဆရာ ရေးစရာရှိရင်ရေးပါ။ ကျွန်မ စောင့်နေပါ့မယ်"

ခိုင်ဇာဝေက အားနာဟန် ရှိသေလေးစားဟန်ဖြင့် ပြောသည်။

"ကိစ္စမရှိပါဘူး ရပါတယ် မိန်းကလေး၊ ထိုင်ပါ အေးအေးဆေးဆေး စကားပြောကြတာပေါ့"

ဆရာတိုးဟိန်းသည် ဧည့်သည်များကို သူ၏စာရေးခန်းထဲမှာပင် လက်ခံတွေ့ဆုံဟန်ရှိသည်။ စာရေးစားပွဲအနီးတွင် ကျောမှီလက်တင် ကုလားထိုင်နှစ်လုံးနှင့် ပက်လက်ကုလားထိုင်တစ်လုံးရှိသည်။ သူက စာရေးစားပွဲမှ ထပြီး ပက်လက်ကုလားထိုင်တွင် ထိုင်သည်။ ခိုင်ဇာဝေက ကုလားထိုင်တွင် မထိုင်သေးဘဲ ကြမ်းပြင်ပေါ်တွင် ပုဆစ်တုပ်ထိုင်ကာ စာရေးဆရာကြီးကို ကန်တော့သည်။

"ဆရာ့ကို ကျွန်မ လာကန်တော့ဖို့ စိတ်ကူးနေတာကြာပါပြီ။ ဆရာ့ရဲ့ကျေးဇူးတွေ ကျွန်မအပေါ်မှာ အများကြီးရှိပါတယ်။ ဆရာ့စာတွေ ဖတ်ပြီး ကျွန်မ ကြီးပြင်းခဲ့ရတာပါ"

"ဒီလိုဆိုတော့လည်း တို့ ရေးတဲ့စာတွေက အလကားမဖြစ်သေးဘူးပေါ့ကွယ်။ တို့ကလည်း လူငယ်တွေကိုပဲ ရည်စူးပါတယ်။ လူငယ်တွေကိုပဲ အားထားပါတယ်။ ကဲ ကဲ ကုလားထိုင်မှာ ထိုင်ပါဦး"

ခိုင်ဇာဝေ ကုလားထိုင်တွင် သိမ်မွေ့ညင်သာစွာ ထိုင်သည်။ ရန်ကျော်ဟိန်းက ရေနွေးပန်းကန်များထဲသို့ ဓာတ်ဘူးထဲမှ ရေနွေးငှဲ့ထည့်သည်။ ခိုင်ဇာဝေက ရေနွေးပန်းကန်တစ်လုံးကို ဆရာတိုးဟိန်းအနီးတွင် ချထားပေးသည်။ တစ်လုံးကို ရန်ကျော်ဟိန်းထိုင်သည့် ကုလားထိုင်အနီးတွင် ချထားသည်။ တစ်လုံးကို သူမအတွက် ယူသည်။

"ဖေဖေက တွေ့ချင်တယ်ဆိုတာနဲ့ မခိုင်ဇာဝေ ချက်ချင်း လိုက်လာတာပဲ"

mgyoe.com

mgyoe.com

ရန်ကျော်ဟိန်းက ကုလားထိုင်တွင် ထိုင်ရင်းပြောသည်။

ခိုင်ဇာဝေသည် ဆရာတိုးဟိန်းထံမှ စကားကိုနားစွင့်ရင်း စာကြည့်ခန်းကို မသိမသာအကဲခတ်လျက်ရှိသည်။ စာကြည့်ခန်းထဲတွင် စာအုပ်တွေ ပြည့်ကျပ်လျက်ရှိသည်။

ဆရာတိုးဟိန်း၏အိမ်သည် ကန်တော်ကလေးတွင် ရှိပြီး ရန်ကုန်မြို့လူလတ်တန်းစားများနေထိုင်သော အိမ်များထုံးစံအတိုင်း ကျယ်ဝန်းကြီးမားလှသည်မဟုတ်ချေ။ ဆင်ဝင်ပါသော သုံးပင်အိမ်ကလေး တစ်လုံးမျှသာဖြစ်သည်။ သို့သော် စာကြည့်ခန်းသည် ဆင်ဝင်ခန်းနှင့်ဧည့်ခန်းတစ်ဝက်ကို ယူထားသဖြင့် အတန်ငယ်ကျယ်ဝန်းသည်ဟုဆိုရပါမည်။ နံရံပတ်လည်တွင် စာအုပ်စင်များအပြည့်ဖြစ်သည်။ စာရေးစားပွဲပေါ်နှင့် ကြမ်းပြင်ပေါ်တွင်လည်း စာအုပ်စာတမ်းများ စုပုံထားသည်ကိုတွေ့ရသည်။

သို့သော် ဆရာတိုးဟိန်းသည် စာအုပ်ပုံများအကြားမှ ပညာရှိတစ်ဦးမဟုတ်ဘဲ အမျိုးသားရေးတိုက်ပွဲများကြားမှ ပေါက်ဖွားလာသော စာရေးဆရာတစ်ဦးဖြစ်ပေသည်။ ဆရာတိုးဟိန်း၏ စာတွေ့လက်တွေ့ကြွယ်ဝ မှုကို ခိုင်ဇာဝေ လေးစား၍မဆုံးနိုင်ရှိသည်။

"ဟုတ်တယ် မိန်းကလေးနဲ့ တွေ့ဖို့ ကိစ္စကလေးရှိတာနဲ့ ကိုဘုမ္မာကို အကူအညီတောင်းရမလား စဉ်းစားနေတုန်း၊ မောင်ရန်ကျော်က မိန်းကလေးအကြောင်းပြောတာပဲ"

ခိုင်ဇာဝေက ရန်ကျော်ဟိန်းကို ဖျတ်ခနဲကြည့်သည်။ မိမိအကြောင်း ဘာတွေများပြောချေသနည်း။ ဘယ်ကစ၍ ပြောချေသနည်း။

"ကိစ္စကတော့ တခြားမဟုတ်ပါဘူးကွယ်။ မိန်းကလေးဆီမှာ ခွင့်တောင်းစရာတစ်ခုရှိလို့ပါ"

"ရှင်"

"တို့များ အခု ဝတ္ထုတစ်ပုဒ်ရေးနေတယ်။ မိမိနှင့်တိုင်းပြည်"

"ဟုတ်ကဲ့ အဲဒီဝတ္ထုကို ကျွန်မတို့စောင့်နေတာ ကြာပါပြီ"

"အခုတော့ ပြီးတော့မှာပါ။ ဇာတ်သိမ်းပိုင်းရောက်နေပါပြီ။ ဇာတ်သိမ်းအတွက် မိန်းကလေးဆီက အကူအညီတစ်ခုယူဖို့ ဖြစ်လာတယ်"

"ကျွန်မက ဘယ်လိုများ ကူညီနိုင်မှာလဲ ဆရာ"

"မိန်းကလေးရဲ့ခြောက်လုန့်ခြင်းကဗျာကို တို့ဝတ္ထုမှာ ထည့်သုံးချင်တယ်"

mgyoe.com

mgyoe.com

"ဩော် . . ."

ခိုင်ဇာဝေ၏မျက်နှာတွင် လှုပ်ရှားမှုများ လျှပ်ပြက်သလို ဖြစ်ပေါ်သည် ကို ရန်ကျော်ဟိန်း သတိပြုလိုက်မိသည်။

အံ့သြခြင်းလား၊ ဝမ်းသာခြင်းလား၊ တုန်လှုပ်ခြင်းလား မသဲကွဲပါ။

"အဲဒါ မိန်းကလေး ခွင့်ပြုနိုင်ပါ့မလား"

သည်တော့မှ မိန်းကလေးငေးငိုင်နေရာမှ သတိဝင်လာပြီး

"အို . . . သုံးပါ ဆရာ။ ကျွန်မ ကဗျာကို ဆရာ့ရဲ့ဝတ္ထုမှာ သုံးတယ် ဆိုတာ ကျွန်မအတွက် အခွင့်အရေးကြီးတစ်ခုပါ။ ဘာမှ ခွင့်မပြုနိုင်စရာ မရှိပါဘူး"

"ကျေးဇူးတင်ပါတယ်ကွယ်"

"ကျွန်မက ကျေးဇူးတင်ရမှာပါ ဆရာ"

"ဘယ်ဟုတ်မလဲကွယ် မိန်းကလေးရဲ့ကဗျာက အင်မတန်ကောင်း တာပဲ။ အကြောင်းအရာလည်း ကောင်းတယ်။ အတွေးအခေါ်လည်း နက် တယ်။ တင်ပြပုံလည်း ထိမိတယ်။ အဖွဲ့အနွဲ့ကလည်း လှတယ်။ သူ့မှာ ရှိနေတဲ့ဥစ္စာခနေ၊ အိမ်တွေက သူ့ရဲ့ပြစ်မှုတွေအဖြစ် သူ့ကိုခြောက်လှန့်နေပုံ ဖွဲ့ထားတယ်။ အင်မတန်လှတာပဲ။ စကားလုံးတွေ သုံးထားပုံကလည်း ရဲရင့်တယ်"

ခိုင်ဇာဝေ ခေါင်းငုံ့ထားသည်။

"ကိုယ့်ကို သူများက ခြောက်လှန့်တာ ဘာမှကြောက်စရာမရှိဘူး။ ကိုယ့်ကိုယ်ကိုယ် ခြောက်လှန့်တာ အင်မတန်ကြောက်စရာကောင်းတယ်။ ဘယ်ကိုမှ ထွက်ပြေးလို့ မလွတ်နိုင်ဘူး။ ခြောက်လှန့်တဲ့အရာက ကိုယ့် ဝိညာဉ်မှာ ပူးကပ်နေတာကိုး"

ခိုင်ဇာဝေ ငြိမ်နေသည်။

"ကဲကွယ် ဒါတွေ ထားပါတော့၊ မိန်းကလေးကို တို့များ ကျေးဇူးတင် ပါတယ်။ မိန်းကလေးကို တို့များ ပြောချင်တာကတော့ ကဗျာတွေ ဆက် ရေးပါ။ ကြိုးစားပါ။ အားထုတ်ပါ။ လေ့လာပါ။ ကိုယ့်မှာ ဘယ်တော့မှ ပြည့်စုံတယ်ဆိုတာ မရှိဘူး"

"ဟုတ်ကဲ့၊ ကျွန်မ ကြိုးစားပါ့မယ်၊ ကျွန်မ အမြဲတမ်း လေ့လာပါ တယ်"

mgyoe.com

mgyoe.com

"ရှေ့လဝသန္တမှာ မိန်းကလေးရဲ့ ကဗျာပါဦးမလား"

"ဟုတ်ကဲ့၊ ဆရာဘုမ္မာ တစ်ပုဒ် ရွေးထားတယ် ပြောပါတယ်"

"ကဗျာနာမည်က ဘာတဲ့လဲ"

"တွေ့ဆုံခြင်း"

ခိုင်ဇာဝေ တိုးညင်းစွာ ဖြေသည်။

"တွေ့ဆုံခြင်း၊ အင်း. . .မိန်းကလေးရဲ့ ကဗျာခေါင်းစဉ်းကလေးတွေက ရိုးရိုးကလေးတွေနဲ့ လေးနက်တယ်။ ခြောက်လှန့်ခြင်း၊ ငြိမ်သက်ခြင်း၊ တိတ်ဆိတ်ခြင်း၊ တွေ့ဆုံခြင်း. . . ."

ထိုစဉ် ဧည့်သည်များ ရောက်ရှိလာသည်။ ဆရာတိုးဟိန်း၏ ဧည့်သည်များပင် ဖြစ်သည်။ နယ်ချဲ့ ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုများတွင် ရှေ့တန်းမှ ပါဝင်ခဲ့သော ခေါင်းဆောင်ကြီးနှစ်ဦး ဖြစ်သည်။ ဆရာတိုးဟိန်း၏ ကျန်းမာရေး အခြေအနေကို လာရောက် မေးမြန်းကြဟန် ရှိသည်။

ခိုင်ဇာဝေ နှုတ်ဆက်ပြီး ပြန်ခဲ့သည်။ ရန်ကျော်ဟိန်း လိုက်ပို့သည်။

"ကိုရန်ကျော်ဟိန်း နေရစ်ပါ၊ ကျွန်မဘာသာ ပြန်ပါ့မယ်"

"ကိစ္စ မရှိပါဘူး၊ အိမ်အထိ လိုက်ပို့ပေးပါမယ်"

"နေပါစေ၊ ကျွန်မ ပြန်တတ်ပါတယ်၊ ပြန်ရဲပါတယ်"

မိန်းကလေးက ခပ်ပြတ်ပြတ် ပြောသည်။

"မြို့ထဲ အထိတော့ လိုက်ခဲ့မယ်လေ၊ ကော်ဖီ အေးအေးလည်း မသောက်ကြရသေးဘူး မဟုတ်လား"

ခိုင်ဇာဝေ ဘာမှ မပြောတော့။ သူတို့ မြို့ထဲတွင် ကော်ဖီသောက်ကြသည်။ နှစ်ယောက်စလုံး နှုတ်ဆိတ်နေသဖြင့် ကော်ဖီပူပူသောက်ဖြစ်ကြသည်။

ထို့နောက် ခိုင်ဇာဝေကို ကားမှတ်တိုင်အထိ ရန်ကျော်ဟိန်း လိုက်ပို့သည်။ မိန်းကလေး ကားပေါ်တွင် ပါသွားသောအခါ သူတစ်ယောက်တည်း ကျန်ရစ်သည်။

* * *

mgyoe.com

mgyoe.com

၇

သည်ကနေ့ ခိုင်ဇာဝေ ကျောင်းမတက်ပါ။ ရန်ကျော်ဟိန်း ရှာသည်။ မိန်းကလေးကို မတွေ့ပါ။

တွေ့ဆုံခြင်းကို အံ့သြဖွယ်ဟု ရန်ကျော်ဟိန်း ထင်ခဲ့သည်။

သို့သော် နောက်ပိုင်းတွင် တွေ့ဆုံခြင်းဆိုသည်ကို ရန်ကျော်ဟိန်း မေ့လျော့နေခဲ့သည်။ မိန်းကလေးနှင့် သူသည် နေ့စဉ်လိုပင် တွေ့ဆုံခဲ့ကြသည်။

စင်္ကြံမှာ၊ စာသင်ခန်းမှာ၊ စာကြည့်တိုက်မှာ၊ လက်ဖက်ရည်ဆိုင်မှာ၊ လမ်းမှာ၊ သစ်ပင်ရိပ်မှာ၊ အင်းလျားမှာ၊ လှည်းတန်းထိပ်မှာ. . .

ကျောင်းပိတ်ရက်များမှာပင် တွေ့ကြသည်။ မဂ္ဂဇင်းတိုက်မှာ၊ ဆူးလေဘုရားလမ်းမှာ၊ ရုပ်ရှင်ရုံအောက်မှာ. . .

သူတို့ ရုပ်ရှင် ကြည့်ကြသည်။ စာအုပ် ဝယ်ကြသည်။ သန်လျင်ကျောက်တန်း သွားကြသည်။

နေ့စဉ်လိုပင် တွေ့ဆုံနေကြရသောအခါ တွေ့ဆုံခြင်းသည် မထူးဆန်းတော့။ အံ့သြဖွယ်ရာ မဟုတ်တော့။ တွေ့ဆုံခြင်း၏ အနက်အဓိပ္ပာယ်ကို မေ့လျော့နေခဲ့သည်။

သည်ကနေ့ အံ့သြဖွယ်ရာ မဟုတ်တော့။ တွေ့ဆုံခြင်း၏ အနက်အဓိပ္ပာယ်ကို မေ့လျော့နေခဲ့သည်။

သည်ကနေ့ မိန်းကလေးနှင့် မတွေ့သောအခါတွင်မှ 'တွေ့ဆုံခြင်း' ဆိုသည်ကို ပြန်လည် သတိပြုမိသည်။ တွေ့ဆုံခြင်းသည် အံ့သြဖွယ်ရာကောင်းသလို 'မတွေ့ဆုံခြင်း' သည်လည်း အံ့သြဖွယ်ရာ ကောင်းကြောင်း သိရှိရတော့သည်။

'မတွေ့ဆုံခြင်း' သည် တုန်လှုပ် ချောက်ချားဖွယ်ရာကောင်းသော အခြင်းအရာတစ်ခုဖြစ်သည်။ မိမိ၏ ရင်ထဲတွင် ဟာနေသည်ဟု ရန်ကျော်ဟိန်း ခံစားရသည်။

'မတွေ့ဆုံခြင်း' သည် ဘာမျှ မရှိသော လေဟာပြင်ကြီးပင် ဖြစ်သည်။ မိမိ၏ ရှေ့တွင် စင်္ကြံများလည်း မရှိတော့။ စာကြည့်ခန်းများလည်း မရှိတော့။ အဆောက်အအုံများလည်း မရှိတော့။ ပန်းမန်သစ်ပင်များလည်း မရှိတော့။

mgyoe.com

mgyoe.com

အံ့ဩဖွယ်ရာ ကောင်းသည်။ မိန်းကလေး မရှိသည့် အတွက် အခြား အရာများလည်း အဘယ်ကြောင့် 'မရှိခြင်း' ဖြစ်ရသနည်း။ မည်ကဲ့သို့သော သချာနည်း။

ပို၍ အံ့ဩစရာ ဖြစ်ရသည်မှာ မိန်းကလေး ခိုင်ဇာဝေ မရှိခြင်းကို စုံစမ်း မေးမြန်း၍ မရခြင်းပင် ဖြစ်သည်။

စီးပွားရေး တက္ကသိုလ်တွင် ရန်ကျော်ဟိန်း၏ သူငယ်ချင်းများ၊ မိတ်ဆွေများ ရှိသည်။ သူတို့သည် ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်။

သို့သော် ခိုင်ဇာဝေကို သူတို့ မသိကြ။

ခိုင်ခိုင်ဝေဟု ပြောလည်း သူတို့ မသိ။

ရန်ကျော်ဟိန်း မည်သူ့ကို မေးရမည် မသိ။ ခိုင်ဇာဝေ၏ မိတ်ဆွေ သူငယ်ချင်းများကို သူ မသိပါ။ မိန်းကလေးတွင် မိတ်ဆွေသူငယ်ချင်းများ ရှိမရှိ သူ မသိပါ။

မိန်းကလေးကို သူတွေ့တိုင်း တစ်ယောက်တည်းသာ ဖြစ်သည်။ မိန်းကလေးတွင် အဖော်မရှိပါ၊ အတွဲ မရှိပါ။

ထိုနေ့ တစ်နေ့လုံးပင် ရန်ကျော်ဟိန်းသည် 'မရှိခြင်း' တွင် လွင့်မျော နေခဲ့ရသည်။

မိန်းကလေး မရှိပါ။

မည်သူမျှ မရှိပါ။

မိမိလည်း မရှိပါ။

မိန်းကလေး ခိုင်ဇာဝေရယ်၊ မင်းဟာ ဘယ်လို မိန်းကလေးလဲကွယ်၊ မင်းအကြောင်း ကဗျာရေးဖွဲ့ရင် 'မရှိခြင်း'လို့ ရေးရမလား။

တော်ပါသေးသည်။

နောက်တစ်နေ့တွင် သူ မိန်းကလေးကို တွေ့ရှိသည်။

သည်တော့မှ ရန်ကျော်ဟိန်းသည် တွေ့ရှိခြင်း၏ အံ့ဩဖွယ်ရာများကို ပိုမို နားလည်ခံစားရသည်။

"မခိုင် မနေ့က ဘာပြုလို့ ကျောင်းမတက်သလဲ"

ခိုင်ဇာဝေ ပင့်သက်ဖြာပြီး. . .

"ကျောင်းမတက်ဘဲ နေကြည့်တာပဲ ဆိုပါတော့"

"မခိုင် ကျောင်းမတက်တော့ မခိုင်ကို အစ်ကို မတွေ့ရဘူးပေါ့"

mgyoe.com

mgyoe.com

"မခိုင်ကလည်း အစ်ကို့ကို မတွေ့ရပါဘူး"

"ဒီမယ် မခိုင်၊ တွေ့ဆုံခြင်းဟာ အင်မတန် အံ့ဩစရာကောင်းသလို၊ မတွေ့ဆုံခြင်းဟာလည်း အံ့ဩစရာ ကောင်းတယ်၊ လောကကြီးမှာ ဘာ တစ်ခုမှ မရှိတော့ဘူး"

"မခိုင်လည်း မနေ့က ခံစားမိပါတယ်"

အမျိုးသမီးက တိုးညင်းစွာ ပြောသည်။

အင်းလျားကန်ဘက်သို့ သူတို့ လျှောက်ခဲ့ကြသည်။

ရန်ကျော်ဟိန်း နားလည်ရပါပြီ။ တွေ့ဆုံခြင်းနှင့် မတွေ့ဆုံခြင်းတို့၏ နောက်ကွယ်တွင် ရှိနေသော ချစ်ကြိုက်ခြင်း။

မိန်းကလေးကို မိမိချစ်ကြိုက်နေပြီ ဖြစ်သည်။ မိန်းကလေးနှင့် တွေ့ဆုံသည့်အခါတွင် ခံစားမှု ဖြစ်ပေါ်ရသလို မတွေ့ဆုံသည့်အခါတွင်လည်း ခံစားမှု ဖြစ်ပေါ်ရသည်။

ခိုင်ဇာဝေကို မိမိ ချစ်နေပြီ ဖြစ်သည်။ မိန်းကလေးသိချေသည်လော၊ မိန်းကလေးကို မိမိ ဘယ်လို့ ပြောရချေမည်နည်း။

မိမိ၏ ရင်ထဲတွင် ခံစားနေရသည်ကို ယခုပင် ဖွင့်အန်လိုက်ရမည်လား။

မိန်းကလေးလည်း နှုတ်ဆိတ်လျက် ရှိသည်။ မိန်းကလေးဘာတွေ တွေးနေသနည်း။ မိန်းကလေး အဘယ့်ကြောင့် မနေ့က ကျောင်း မတက်ဘဲ နေကြည့်သနည်း။ မတွေ့ဆုံခြင်း၏အနက်အဓိပ္ပာယ်ကို ရှာဖွေခြင်းပေ လော။

မိမိ ခံစားရသလို သူလည်း ခံစားရပါသည်တဲ့။

သစ်ပင်ရိပ် တစ်ခုတွင် သူတို့ ထိုင်မိကြသည်။ အင်းလျားရေပြင်သည် လည်း ငြိမ်သက်လျက် ရှိပါသည်။

"အစ်ကို"

"ဘာလဲ မခိုင်"

"အစ်ကို မခိုင်ကို ချစ်နေတယ် မဟုတ်လား"

ချစ်နေမိပြီ ဖြစ်သည့်အကြောင်း ဖွင့်ပြောရန် မိမိက စဉ်းစားချိန်ဆ နေစဉ်တွင် မိန်းကလေးက မမျှော်လင့်ဘဲ ရုတ်တရက် မေးမြန်းလာသော အခါ ရန်ကျော်ဟိန်း တုန်လှုပ် သိမ့်ခါသွားရသည်။ သို့သော် ချက်ချင်း ဆိုသလိုပင် ပြောရမည့် စကားကို ပြောနိုင်သည်။

"ဟုတ်တယ်. . . . မခိုင်ကို အစ်ကို ချစ်နေပြီ"

mgyoe.com

mgyoe.com

"အဲဒီလိုဆိုရင် အစ်ကို့ကို မခိုင် တစ်ခု ပြောပါရစေ"

"ဘာလဲ မခိုင်"

"မခိုင်ကို အစ်ကို မချစ်ပါနဲ့"

"ဟင်. . . မခိုင် ဘာပြောတယ်"

အင်းလျားရေပြင် ရုတ်တရက် လှုပ်ခတ်သွားသည်ဟု ထင်ရသည်။

"မခိုင်ကို အစ်ကို မချစ်တာဟာ အစ်ကို့အတွက်ရော မခိုင်အတွက်ရော ကောင်းပါလိမ့်မယ် အစ်ကို"

ရန်ကျော်ဟိန်းက ခိုင်ဇာဝေဘက်သို့ လှည့်ပြီး မိန်းကလေး၏ ပခုံးနှစ်ဖက်ကို သူ့ လက်များဖြင့် ဆတ်ခနဲ ဆုပ်ကိုင်လိုက်သည်။

"အို. . . ."

မိန်းကလေး သိမ့်ခနဲ တုန်သွားသည်။ သူ့ကို လှုပ်ခတ်နေသော မျက်လုံးများဖြင့် မော့ကြည့်သည်။ မိန်းကလေး၏ အသားတွေ တုန်နေသည်။ ရန်ကျော်ဟိန်း၏ လက်များလည်း တုန်နေသည်။

"မခိုင်"

"ရှင်"

မိန်းကလေး၏ အသံ တုန်ယင်သည်။

"မခိုင်"

သူက မိန်းကလေးကို လှုပ်ခါပြီး ခေါ်သည်။

"ရှင်"

"မခိုင်. . . .မခိုင်. . . "

"အစ်ကို. . . .အစ်ကို. . . .မခိုင် ထူးနေပါတယ် အစ်ကို"

"မခိုင် အစ်ကို့ကို ချစ်တယ် မဟုတ်လား"

"အစ်ကိုရယ်. . . ."

"ပြောစမ်းပါ မခိုင်၊ အစ်ကို့ကို ချစ်တယ် မဟုတ်လား"

မိန်းကလေး မောနေသည်။ အသက်ရှူ မြန်နေသည်။ မိန်းကလေး အားယူပြီး ပြောသည်။

"အစ်ကိုနဲ့ မခိုင်ဟာ မတွေ့ခဲ့ကြရင် ဘယ်လောက် ကောင်းမလဲ"

"မခိုင် ဘာတွေ ပြောနေတာလဲ"

"အစ်ကိုလည်းသိပါတယ်။ လောကကြီးမှာ ချစ်တိုင်းလည်းမညား၊

mgyoe.com

mgyoe.com
ညားတိုင်းလည်းမချစ်တဲ့"

"ဒီမယ် မခိုင်၊ မခိုင်မှာ ကိုယ်ရေးကိုယ်တာ အခက်အခဲတစ်ခုခု ရှိနေလိမ့်မယ်ဆိုတာ အစ်ကို သိပါတယ်။ မခိုင်ကို အစ်ကိုလေ့လာနေပါတယ်။ ဒါပေမဲ့ မခိုင်နဲ့ ပတ်သက်လို့ အစ်ကိုဘာမှမသိသေးတာ အမှန်ပဲ။ ဒါပေမဲ့ အစ်ကိုက မခိုင်ကိုချစ်တယ်။ မခိုင်က အစ်ကို့ကို ချစ်တယ် မဟုတ်ဘူးလား"

မိန်းကလေးဘာမှမပြော။

"မခိုင်ပြောလေ။ အစ်ကို့ကို ချစ်တယ်မဟုတ်လား"

"အစ်ကို့ကို မခိုင် ချစ်ပါတယ်ကွယ်"

* * *

၈

ယင်းသို့ဖြင့် တွေ့ဆုံခြင်းနှင့် မတွေ့ရှိခြင်း၊ ထို့နောက် ချစ်ကြိုက်ခြင်း။

သူတို့၏မျက်နှာများသည် ပြုံးဝေလျက် သူတို့၏ရင်သည် တဒိတ်ဒိတ်ခုန်လျက်၊ သူတို့၏တစ်ကိုယ်လုံးသည် နွေးရှိန်းလျက်။

သို့သော် တစ်ခါတစ်ခါတွင် မိန်းကလေးသည် ငေးငိုင်နေတတ်သည်။ သူမ၏ စိတ်အစဉ်သည် အဝေးတစ်နေရာသို့ လွင့်ပျံနေဟန်ရှိသည်။

ရန်ကျော်ဟိန်းက မေးလျှင် ဘာမျှမပြော။ သတိဝင်လာဟန် မျက်နှာကိုပြင်သည်။ သည်တော့ ချစ်စဖွယ်အပြုံးရိပ်ကလေး သမ်းလာသည်။ အလှအပကလေးတွေ ဖူးပွင့်လာသည်။

ခိုင်ဇာဝေသည် ရန်ကျော်ဟိန်း၏အိမ်သို့ ရံဖန်ရံခါ လိုက်၍လည်တတ်သော်လည်း ရန်ကျော်ဟိန်းကိုမူကား သူမ၏အိမ်သို့ တစ်ကြိမ်တစ်ခါမျှ ခေါ်ဆောင်ခြင်းမပြုချေ။

ရန်ကျော်ဟိန်းသည် ခိုင်ဇာဝေ၏အိမ်လိပ်စာကို ကျောင်းမှတ်ပုံတင်ကတ်ပြားတွင် အမှတ်မထင် တွေ့မြင်သိရှိထားပြီးဖြစ်သော်လည်း မိန်းကလေးကခေါ်ဆောင်ခြင်းမပြုသဖြင့် တစ်ကြိမ်တစ်ခါမျှ အိမ်သို့ လိုက်သွားခြင်းမပြုခဲ့ပါချေ။

မိန်းကလေးအကြောင်း ဘာမျှမသိရှိရသလို မိန်းကလေး၏မိသားစုကိုလည်း မသိရှိရပါချေ။ မိန်းကလေးတွင် မိခင်ရှိကြောင်းကား သိရသည်။ အမေနှင့်သမီးသည် အတော်ကလေးချစ်ခင်တွယ်တာကြဟန်ရှိသည်။
mgyoe.com

mgyoe.com
မိန်းကလေး၏ဖခင်မှာမူ ကွယ်လွန်ပြီဟု ထင်ရသည်။ သို့မဟုတ် သူမ၏ မိခင်နှင့်ကွဲနေဟန်ရှိသည်။

ခိုင်ဇာဝေသည် ဖခင်အကြောင်းတစ်စုံတစ်ရာ ပြောဆိုခြင်းမပြုပါချေ။ ပြောလိုဟန်လည်း မရှိချေ။ မိန်းကလေးတွင် မောင်ဖွားညီအစ်မများလည်း ရှိဟန်မတူချေ။

သို့သော် တစ်နေ့တွင်မူ မိန်းကလေး၏အိမ်သို့ ရန်ကျော်ဟိန်းလိုက်သွားရန် အကြောင်းဖန်လာသည်။

ထိုနေ့က မိန်းကလေးကျောင်းသို့ မလာသောကြောင့်ပင် ဖြစ်သည်။ အရင်နေ့တွေ့ကြစဉ်က မိန်းကလေး ဆက်ဆက်လာမည်ဟု ပြောခဲ့သည်။

သူတို့နှစ်ယောက် အသေအချာချိန်းဆိုထားခဲ့ကြခြင်းဖြစ်သည်။ ချိန်းဆိုရသည့်အကြောင်းကလည်း ရှိသည်။

ခိုင်ဇာဝေကို ရန်ကျော်ဟိန်းတို့က အိမ်တွင် ညစာထမင်းကျွေးမည် ဖြစ်သည်။

ဆရာတိုးဟိန်း၏ မိမိနှင့်တိုင်းပြည် ဝတ္ထုရှည်ကြီးထွက်ပြီဖြစ်သည်။ စာဖတ်ပရိသတ်များ မျှော်လင့်တောင့်တနေသော ဝတ္ထုဖြစ်သဖြင့် ထွက်သည့်နေ့မှာပင် ကုန်သည်ဟု ပြောရပေမည်။

ဆရာတိုးဟိန်းက သူ၏ဝတ္ထုတွင် အမှာစာရေးပေးသော ဝသန္တမဂ္ဂဇင်း အယ်ဒီတာ ဦးဘုမ္မာနှင့် သူမ၏ခြောက်လုန့်ခြင်းကဗျာကို သုံးခွင့်ပြုသော ခိုင်ဇာဝေတို့ကို ညစာထမင်းကျွေးရန် စီစဉ်သည်။

ရန်ကျော်ဟိန်းက ဖခင်ကိုယ်တိုင်လက်မှတ်ရေးထိုးထားသော မေတ္တာလက်ဆောင်စာအုပ်ကို ခိုင်ဇာဝေအား ပေးရင်း ညစာစားပွဲသတင်းကိုပြောပြသည်။

"ဆရာ့လက်မှတ်နဲ့ မေတ္တာလက်ဆောင်စာအုပ်ရတာ ဝမ်းသာလိုက်တာအစ်ကိုရယ်၊ ညစာထမင်းကျွေးတာကတော့ အလကား ဒုက္ခရှာလို့ အားနာစရာကြီး"

"ထမင်းကျွေးတာက မခိုင်တစ်ယောက်တည်းမှ မဟုတ်တာဘဲ။ ဆရာဦးဘုမ္မာလည်း ပါတယ်။ နောက်ပြီးတော့ ဖေဖေက သူ့စာအုပ်ထွက်တဲ့ အထိမ်းအမှတ်နဲ့ ကျွေးတာပဲ"

"အင်းလေ . . . ဆရာ့စာအုပ် အထိမ်းအမှတ်အဖြစ်လုပ်တဲ့ ထမင်းစားပွဲကို တက်ရောက်ခွင့်ရတဲ့အတွက် မခိုင်ဂုဏ်ယူရမှာပေါ့။ နောက်ပြီး

mgyoe.com

mgyoe.com
တော့ ဆရာဦးဘုမွာနဲ့ အစ်ကိုတို့ ဖေဖေစာအကြောင်းပေအကြောင်း ဆွေးနွေးကြတာကိုလည်း နားထောင်မှတ်သားရတာပေါ့"

"ဒါဖြင့် မခိုင် လာမှာပေါ့"

"လာရမှာပေါ့"

"ဘယ်လို လာမလဲ။ ကျောင်းကနေတစ်ခါတည်း လိုက်ခဲ့မလား။ အိမ်ပြန်ပြီး လာမလား အစ်ကို လာခေါ်ဆိုလည်း အိမ်ကိုလာခေါ်မယ်လေ"

"ကျောင်းကနေ တစ်ခါတည်းပဲ သွားကြတာပေါ့"

မိန်းကလေးက လျင်မြန်စွာပြောသည်။

"ညစာဆိုတော့ အပြန်နည်းနည်းမိုးချုပ်မယ်။ အိမ်ကို ပြောခဲ့ဦး။ မခိုင်တို့မေမေ စိတ်ပူနေဦးမယ်"

မိန်းကလေး ခေါင်းညိတ်သည်။

သို့သော် နောက်တစ်နေ့တွင် ခိုင်ဇာဝေမလာပါ။ မိန်းကလေး ကျောင်းသို့မလာပါ။ အချိန်နောက်ကျပြီးမှများ ရောက်လာမလားဟု ရန်ကျော်ဟိန်း ညနေစောင်းသည်အထိစောင့်သည်။

စာသင်ချိန်များ အားလုံးပြီးဆုံးသွားသောအခါတွင်မှ မိန်းကလေး လာတော့မည်မဟုတ်ဟု ရန်ကျော်ဟိန်း စိတ်တိုးတိုးချလိုက်သည်။ မိန်းကလေး၏အိမ်သို့ လိုက်သွားရန် ဆုံးဖြတ်လိုက်သည်။

မိန်းကလေး၏အိမ်သည် ကြည့်မြင်တိုင် ရတနာပုံလမ်းတွင်ဖြစ်သည်။ အိမ်အမှတ် ( . . . . )၊ အမှတ် ( . . . ) ဘတ်စ်ကားဖြင့် ရန်ကျော်ဟိန်း လိုက်သွားသည်။

မှတ်တိုင်တစ်တိုင် ကျော်သွားသဖြင့် ပြန်လျှောက်လာရသော်လည်း ရတနာပုံလမ်းကို အလွယ်တကူပင် ရှာဖွေတွေ့ရှိသည်။

အိမ်အမှတ် (၁) သည် ကားလမ်းမကြီးတွင်စတင်သဖြင့် အတွင်းဘက်သို့ လျှောက်ဝင်သွားရသည်။

ရပ်ကွက်သန့်သည်၊ လမ်းသန့်သည်၊ အိမ်ကလေးတွေ သန့်သည်။ ကိုယ့်ဝင်းကိုယ့်ခြံကလေးနှင့်ဖြစ်သည်။ အိမ်ရှေ့တွင် အုန်းပင်၊ ကွမ်းသီးပင်၊ သရက်ပင်၊ ပိန္နဲပင်များ ပေါက်ရောက်နေသဖြင့် အုံ့ဆိုင်းဝေဆာသည်။ အေးမြငြိမ်သက်သည်။

အိမ်အမှတ် ( . . . ) ကို တွေ့ပါပြီ။ လမ်းအတွင်းရှိ အခြားအိမ်များနည်း
mgyoe.com

mgyoe.com
တူ သစ်ပင် ဝင်းခြံနှင့်ဖြစ်သည်။

ပုဏ္ဏာရိက်ပင်များ စိုက်ထားသဖြင့် ခြံစည်းရိုးသည် ပိတ်ဆိုင်းလျက်ရှိသည်။ သစ်ပင်ကြီးများ အုံ့ဆိုင်းနေသဖြင့် ခြံဝင်းသည် အနည်းငယ် မှိုင်းအုံ့ပြီး ပျဉ်ထောင်သွပ်မိုးတစ်ထပ်အိမ်ကလေးသည် ကွယ်သလိုရှိနေသည်။

ခြံဝင်းတံခါးပိတ်ထားသည်။ ခြံဝင်းအတွင်း၌ မည်သူမျှမရှိပါ။ အိမ်တံခါးလည်း ပိတ်ထားသည်။ အိမ်ထဲတွင်လည်း လူရိပ်လူရောင် မမြင်ရပါ။

ရန်ကျော်ဟိန်း ခေတ္တမျှ တုံ့ဆိုင်းနေသည်။ ခိုင်ဇာဝေ၏အမည်ကို ဟစ်အော်ခေါ်ရမည်လား၊ အိမ်ရှင်တို့ အိမ်ရှင်တို့ဟု တကြော်ကြော် အော်ခေါ်ရမည်လား။

ရန်ကျော်ဟိန်း စဉ်းစားချိန်ဆနေရင်း ခြံဝင်းတံခါးအတွင်းဘက်တွင် ချိတ်ဆွဲထားသော ကြေးခေါင်းလောင်းကလေးကို သတိပြုမိသည်။

လက်တစ်ဖက်နိုက်လျှိုပြီး ကြေးခေါင်းလောင်းကလေးကို လှုပ်ခါလိုက်သည်။ အိမ်တွင်းမှ မည်သည့်လှုပ်ရှားမှုမျှ မတွေ့ရပါ။

ကြေးခေါင်းလောင်းကလေးကို ထပ်မံလှုပ်ခါသည်။

အိမ်အတွင်းဘက်တွင် လူရိပ်တစ်ခုမြင်ရသည်။ အိမ်ရှေ့တံခါးပေါက်ဆီသို့ လျှောက်လာသည်။ သော့ခတ်ထားသော သံတံခါးတွင် ရပ်သည်။ အမျိုးသမီးကြီးတစ်ယောက် ဖြစ်သည်။ ခိုင်ဇာဝေ၏မိခင်ပင် ဖြစ်မည်ဟု ရန်ကျော်ဟိန်း ခန့်မှန်းလိုက်သည်။

"ခိုင်ဇာဝေနဲ့ တွေ့ချင်လို့ပါ"

အမျိုးသမီးကြီးက သံတံခါးအနီးသို့ကပ်ပြီး ရန်ကျော်ဟိန်းရှိရာသို့ စူးစိုက်ပြီး ကြည့်နေသည်။

"ကျွန်တော် မခိုင်ဇာဝေရဲ့ သူငယ်ချင်းပါ။ သူ ကနေ့ ကျောင်းကို မလာလို့ လိုက်လာတာပါ"

"သူငယ်ကလေးနာမည် ဘယ်သူလဲ"

"ကျွန်တော့်နာမည် ရန်ကျော်ဟိန်းပါ"

အမျိုးသမီးကြီး ဘာမျှမပြောဘဲအိမ်တွင်းသို့ဝင်သွားသည်။ ရန်ကျော်ဟိန်း ငေးကြောင်ပြီး ကျန်ရစ်သည်။ အဓိပ္ပာယ်ကို နားမလည်နိုင်ရှိသည်။ ကြေးခေါင်းလောင်းကို ထပ်လှုပ်ရမလားဟု စဉ်းစားနေစဉ် အမျိုးသမီးကြီး ပြန်ထွက်လာသည်။ သူမ၏လက်ထဲတွင် သော့တွဲတစ်ခု ပါလာသည်ကို တွေ့

mgyoe.com

mgyoe.com
ရသည်။

အမျိုးသမီးကြီးသည် အိမ်တံခါးကို ဖွင့်ပြီးဆင်းလာသည်။ ခြံဝင်းတံခါး အနီးတွင်ရပ်ပြီး ရန်ကျော်ဟိန်းကို အတန်ကြာအကဲခတ်ဟန်ဖြင့် ကြည့်နေသည်။

ရန်ကျော်ဟိန်း ဘာပြောရမည်မသိ။ ယခုအချိန်အထိ ခိုင်ဇာဝေ၏ အရိပ်အရောင်ကို မမြင်ရသေး။ မိန်းကလေးရှိ၊ မရှိ မသိရ။ မိန်းကလေး ဘာများဖြစ်ချေသနည်း။

ရန်ကျော်ဟိန်း စိုးရိမ်ပူပန်ခြင်းဖြစ်လာသည်။

"မခိုင်ဇာဝေ မရှိဘူးလား"

အမျိုးသမီးကြီးခြံဝင်းတံခါး သော့ကိုဖွင့်သည်။ တံခါးရွက်နှစ်ခု ပွင့်သွားသောအခါ ရန်ကျော်ဟိန်းကိုကြည့်သည်။

ရန်ကျော်ဟိန်း ခေတ္တမျှစိတ်ရှုပ်ထွေးနေပြီးနောက် ခြံဝင်းထဲသို့ ဝင်လိုက်သည်။ အမျိုးသမီးကြီးက သူ့ကို အိမ်ဆီသို့ ဦးဆောင်ပြီး ခေါ်သွားသည်။

ရန်ကျော်ဟိန်း ဇဝေဇဝါဖြင့် အမျိုးသမီးကြီးနောက်သို့လိုက်ပါသွားသည်။ ဧည့်ခန်းတွင်းသို့ ဝင်မိသောအခါ ရန်ကျော်ဟိန်း၏ခြေလှမ်းများ တုံ့ခနဲရပ်ဆိုင်းသွားသည်။ မျက်နှာချင်းဆိုင်နံရံတွင် ဓာတ်ပုံကြီးတစ်ခု တွေ့မြင်လိုက်ရသောကြောင့်ဖြစ်သည်။

ရန်ကျော်ဟိန်းသည် မျက်တောင်မခတ်ဘဲ ဓာတ်ပုံကြီးကို အတန်ကြာစူးစိုက်ကြည့်နေပြီးနောက် သူနှင့်မလှမ်းမကမ်းတွင် ရပ်လျက်ရှိသော အမျိုးသမီးကြီးကို ကြည့်လိုက်သည်။ အမျိုးသမီးကြီးက သူ၏အရိပ်အကဲကို စောင့်ကြည့်အကဲခတ်လျက်ရှိသည်။

ရန်ကျော်ဟိန်း တစ်စုံတစ်ခုပြောရန် ကြိုးစားသည်။ အသံမထွက်ပါ။ စကားလုံးများသည် လည်ချောင်းထဲမှာပင် တစ်ဆို့လျက်ရှိသည်။

"သူ့ကို သူငယ်ကလေးသိတယ် မဟုတ်လား"

အမျိုးသမီးကြီးက ဓာတ်ပုံကိုရည်ညွှန်းပြီး မေးသည်။

ရန်ကျော်ဟိန်းသိပါသည်။ သတင်းစာများ၊ စာအုပ်စာတမ်းများတွင် မကြာခဏ မြင်တွေ့နေရသော ပုံတစ်ပုံဖြစ်ပါသည်။ သို့သော် သေချာအောင်မေးမြန်းလိုသဖြင့်

"ဟို . . . ဟို . . ."
mgyoe.com

mgyoe.com

"ဟုတ်ပါတယ် သူဟာ ( . . .) ပါပဲ"

ရန်ကျော်ဟိန်း သက်ပြင်းတစ်ချက်ရှူရှိုက်လိုက်သည်။

"သူဟာ ဒေါ်ဒေါ်ရဲ့ခင်ပွန်းပဲ"

အမျိုးသမီးကြီးကို ရန်ကျော်ဟိန်းကြည့်သည်။

"နောက်ပြီးတော့ သူဟာ မခိုင်ရဲ့ဖေဖေပဲ"

ရန်ကျော်ဟိန်း အမှတ်မထင် မျက်လုံးများကို မှိတ်ထားလိုက်မိသည်။

မိန်းကလေး ခိုင်ဇာဝေ အဘယ်ကြောင့် မိမိကို အိမ်မခေါ်လိုကြောင်း သိရပါပြီ။ မိမိ၏အချစ်ကို လက်ခံရန် တုံ့နှေးနေကြောင်း သဘောပေါက်ရပါပြီ။

တိုးတက်သောအတွေးအခေါ်များကို လက်ခံသော ခိုင်ဇာဝေ၊ နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားရေးလှုပ်ရှားမှုများကို စိတ်ဝင်စားသော ခိုင်ဇာဝေ။

သူမ၏ဖခင်သည် အမျိုးသားလွတ်မြောက်ရေးကိုဟန့်တားခဲ့သော နယ်ချဲ့လက်ပါးစေတစ်ဦး။ ယမန်နေ့က မိန်းကလေးကိုပေးလိုက်သော မိမိနှင့်တိုင်းပြည်ဝတ္ထုကြီးတွင် တိုင်းပြည်ရန်သူအမျိုးသားသစ္စာဖောက်တစ်ဦး အဖြစ် ဖော်ပြခံရသူတစ်ဦး။

ရန်ကျော်ဟိန်း မျက်လုံးများကို အားယူ၍ ဖွင့်ကြည့်လိုက်သောအခါ အမျိုးသမီးကြီးသည် သူ့ကိုငေးကြည့်နေဆဲပင်ဖြစ်သည်။ အမျိုးသမီးကြီး၏မျက်နှာတွင် မရေမရာမှုများဖုံးလွှမ်းလျက်ရှိသည်။ နှုတ်ခမ်းစုံသည် သွေးဆုတ်ကာ ဖြူရော်လျက်ရှိသည်။

"မခိုင်ကော"

ရန်ကျော်ဟိန်း တိုးညင်းစွာမေးလိုက်သည်။ အမျိုးသမီးကြီး ခေါင်းခါသည်။

"ကျွန်တော် မခိုင်ကိုတွေ့ချင်တယ်။ တကယ်တော့ သူ့မှာ ဘာအပြစ်မှ မရှိဘူး"

"သူ့မှာ အပြစ်မရှိဘူးဟုတ်လား။ ဒေါ်ဒေါ်တို့ သားအမိဟာ ဒီအိမ်ကလေးထဲမှာပဲ နှစ်ယောက်တည်း အခန်းအောင်းနေခဲ့ကြရတယ်။ ဘယ်ကိုမှလည်း မထွက်ရဲလောက်အောင် တုန်လှုပ်မိပါတယ်။ ဘယ်သူကမှလည်း ဆေးဖော်ကြောဖက် မလုပ်ချင်ဘူး။ မိတ်ဆွေတွေကလည်း ရှောင်ရှားကြတယ်။ ဆွေမျိုးတွေကလည်း စွန့်ပစ်ကြတယ်"

mgyoe.com

mgyoe.com

အမျိုးသမီးကြီးက နာကြည်းစွာပြောသည်။

"ဒေါ်ဒေါ်နဲ့ မခိုင်မှာ ဘာအပြစ်မှမရှိဘူးဆိုပေမဲ့ စက်ကွင်းမလွတ်တာတော့ အမှန်ပဲပေါ့။ ဒါကြောင့်မို့လို့ လူတစ်ယောက်ဟာ သမိုင်းက ခွင့်မလွတ်နိုင်တဲ့ အမျိုးသားသစ္စာဖောက်မှုကြီးတွေ မကျူးလွန်မိဖို့ အရေးကြီးတယ်။ သမိုင်းရဲ့ဒဏ်ခတ်ခြင်းကို ခံရတာ အင်မတန်ကြောက်စရာကောင်းတယ်။ ကုန်းဘောင်ခေတ်တုန်းက အင်္ဂလိပ်လက်အောက်မှာ ဒူးထောက်ခဲ့ကြတဲ့ မှူးကြီးမတ်ရာတွေရဲ့ဆွေစဉ်မျိုးဆက်တွေဟာ သမိုင်းအကြောင်းပြန်ပြောရင် အခုထက်ထိ မျက်နှာငယ်ရတုန်းပဲ။ ဒေါ်ဒေါ်နဲ့ မခိုင်တို့ ဘယ်လိုခံစားနေရတယ်ဆိုတာ ကျွန်တော် သဘောပေါက်ပါတယ်"

"ဒေါ်ဒေါ်တို့လည်း အင်မတန်ယူကျုံးမရဖြစ်ခဲ့ရပါတယ်ကွယ်။ အခုထက်ထိပါပဲ။ တိုင်းပြည်ရဲ့နစ်နာဆုံးရှုံးမှုအတွက်တော့ လူထုကြီးနဲ့အတူ ယူကျုံးမရဖြစ်ရတယ်။ အမျိုးသားသစ္စာဖောက်ဆိုတဲ့ ကျူးလွန်မှုနဲ့ ထိုက်တန်တဲ့ ပြစ်ဒဏ်ခံယူသွားရတယ်လို့ ဒေါ်ဒေါ်တို့ သားအမိနားလည်ပါတယ်။ ဒေါ်ဒေါ်နဲ့ မခိုင်ဟာ အခုထက်ထိ ပြစ်ဒဏ်ကိုရောခံနေကြရတာပါပဲကွယ်"

"မခိုင်ဟာ ကဗျာတွေရေးပြီး ဒီပြစ်ဒဏ်တွေကို ပေးဆပ်နေပါတယ် ဒေါ်ဒေါ်။ ခိုင်ရဲ့အဖေဟာ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုရဲ့ရန်သူတစ်ဦးဖြစ်ပေမယ့် မခိုင်ဟာ အမျိုးသားလွတ်မြောက်ရေးရဲ့ ဘက်တော်သူတစ်ဦးဖြစ်ပါတယ်။ မခိုင်ရဲ့ကဗျာတွေ သမိုင်းအသစ်ကို ရေးနေပါတယ်"

"ဒေါ်ဒေါ်ကတော့ အသက်ကြီးပါပြီကွယ်။ မခိုင်ရဲ့ရှေ့ရေးအတွက်ပဲ ရင်လေးရပါတယ်"

"မခိုင်အတွက် ဘာမှမပူပါနဲ့ ဒေါ်ဒေါ်။ သူ့ကို ခေတ်သစ်စနစ်က ကြိုဆိုနေပါတယ်။ သူ့ကိုခေတ်သစ်စနစ်သစ်က ရင်ဝယ်ပိုက်ပြီး သာယာတဲ့ အနာဂတ်ကို ခေါ်ဆောင်သွားမှာပါ။ လောလောဆယ် အရေးကြီးတာက သူ အခုဘယ်မှာလဲ။ သူ့ကို ကျွန်တော်တွေ့ချင်ပါတယ်။ သမိုင်းသစ်မှာ သူဘယ်လို လိုက်ပါသွားရမယ်ဆိုတာ သူ့ကို ကျွန်တော် ဆွေးနွေးချင်ပါတယ်။ မခိုင်ဘယ်မှာလဲ ဒေါ်ဒေါ်"

အမျိုးသမီးကြီး ခေတ္တမျှတုံ့ဆိုင်းနေပြီးနောက်. . .

"သူမရှိတော့ဘူး သူ သွားပြီ"

mgyoe.com

mgyoe.com

"သူ ဘယ်ကိုသွားတာလဲ ဒေါ်ဒေါ်"

"ပြည်နယ်တစ်ခုက မြို့ကလေးတစ်မြို့မှာ ဒေါ်ဒေါ်ရဲ့ညီမတစ်ယောက်ရှိတယ်။ ကျောင်းဆရာမ တစ်ယောက်ပဲ။ သူ့ယောကျ်ားကလည်း ကျောင်းဆရာပဲ။ မခိုင်လည်း အဲဒီမှာနေပြီး ကလေးတွေကို စာသင်လိမ့်မယ်။ ဒေါ်ဒေါ်လည်း ဒီအိမ်ကို ရောင်းပြီးပြီးချင်း မခိုင်ဆီ လိုက်သွားမယ်။ ဪ . . . မခိုင်က သူငယ်ကလေးအတွက် စာတစ်စောင် ပေးခဲ့တယ်"

အမျိုးသမီးကြီးက ခေါင်းရင်းဘက်ရှိ စာရေးစားပွဲဆီသို့ သွားကာ စာတစ်စောင်ယူလာပြီး ရန်ကျော်ဟိန်းကိုပေးသည်။

*အစ်ကို*

*မခိုင်ကို ခွင့်လွှတ်ပါ။ မခိုင်ဟာ သမိုင်းရဲ့ဒဏ်ခတ်ခြင်းကို ခံရတဲ့မိန်းကလေးတစ်ယောက်ပါ။ ပြည်သူလူထုကြီးအပေါ်မှာ မခိုင်ရဲ့ ဖေဖေ ကျူးလွန်ခဲ့တဲ့ပြစ်မှုကြီးအတွက် မခိုင် တတ်နိုင်သမျှ ပေးဆပ်သွားဖို့ ဆုံးဖြတ်ထားပါတယ်။ အစ်ကိုတို့ ဖေဖေ လမ်းညွှန်တဲ့အတိုင်း မခိုင်ကြိုးစားပါ့မယ်။ မခိုင်လေ့လာပါ့မယ်။ မခိုင်ကဗျာတွေ ရေးသွားပါ့မယ်။ အစ်ကို့ကို မခိုင် ဘယ်တော့မှ မမေ့ပါဘူးကွယ်။*

ခိုင်ဇာဝေ၏စာကို ဖတ်ပြီးနောက် ရန်ကျော်ဟိန်း ဆုံးဖြတ်ချက်တစ်ခုကို ယတိပြတ်ချမှတ်လိုက်သည်။

"မခိုင်ဆီကို ဒေါ်ဒေါ်နဲ့အတူ ကျွန်တော် လိုက်ခဲ့ပါ့မယ်"

အမျိုးသမီးကြီး၏မျက်လုံးမှာ အရောင်ဝင်းလက်သွားသည်ကို ရန်ကျော်ဟိန်း တွေ့မြင်လိုက်ရသည်။

ကိုယ်တို့ရဲ့တာဝန်က သမိုင်းအသစ်တစ်ခုကို တည်ဆောက်ဖို့ပဲ မဟုတ်လား မိန်းကလေး ခိုင်ဇာဝေရယ်။

**၁၉၇၈ ခုနှစ်၊ ဇန်နဝါရီ၊ စစ်ပြန်မဂ္ဂဇင်း။**

❐

mgyoe.com

mgyoe.com

## အမ်း ရှိုင်း

အမ်းရှိုင်းဆိုသည်မှာ နိုင်ငံခြားမှအမည်တစ်ခုမဟုတ်ပါ။ မြန်မာပြည်က အမည်တစ်ခုဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံမှ တိုင်းရင်းသူကလေးတစ်ဦး၏အမည်ဖြစ်ပါသည်။ လွယ်လ အမျိုးသမီးကလေး . . .

လွယ်လမကလေး အမ်းရှိုင်း

အသားညိုညို

ဝဝတုတ်တုတ်

မျက်နှာက ပြည့်ပြည့်ဝန်းဝန်း။

သည်ကလေးမကလေး ရန်ကုန်သို့ ရောက်လာသည်။ စာရေးဆရာ ကိုဘုမ္မာ၏အိမ်သို့ ရောက်ရှိလာသည်။ ဆန်းသည်ဟုလည်း ဆိုနိုင်သည်။ မဆန်းဘူးဟုလည်း ပြောနိုင်သည်။

သူကလေးက လားရှိုးက။

လားရှိုးနှင့် သုံးရက်ခရီး ဝေးကွာသောအရပ်က။

ထားပါတော့ လားရှိုးက အမ်းရှိုင်းပဲ။

တောင်ပေါ်က ဆင်းလာပြီး လားရှိုးကနေ မီးရထား ကြီး စီးပြီး ရန်ကုန်မြောက်ဥက္ကလာပရှိ စာရေးဆရာ ကိုဘုမ္မာ၏ အိမ်သို့ ရောက်လာသည်။

သူ့အသက်က ဆယ်နှစ်ပဲ ရှိသေးသည်။ မြန်မာစကား ကောင်းကောင်း မတတ်။ တကယ်တော့ မတတ်သလောက်ပင်။

သူ ဘယ်လိုလုပ်၍ ရောက်လာသနည်း။

mgyoe.com

mgyoe.com

တစ်နေ့တွင် တိတိကျကျ ပြောရလျှင် တစ်ညတွင် ကိုဘုမ္မာ မိုးကြီးချုပ်မှ အိမ်ပြန်ရောက်သည်။ စိတ်ရောလူရော နည်းနည်း မောနေသည်။

ကားစီးရသည်ကလည်း မသက်သာ၊ လုပ်ငန်းလည်း အဆင်မပြေခဲ့။ ထုတ်ဝေသူက နောက်တစ်နေ့ ချိန်းသည်။ ဆယ်ကြိမ်မြောက် ချိန်းခြင်းဖြစ်သည်။ စာမူခများ များများစားစား ကျန်တော့သည်လည်း မဟုတ်။ တစ်ရာပဲ ကျန်တော့သည်။ သူတို့အဖို့ အရက် တစ်ပိုင်းစာပဲ ရှိသည်။ သို့သော် နောက်တစ်ရက် ချိန်းသည်။ နက်ဖြန် ဆန် ဘယ်လိုဝယ်ရပါ့မလဲ။

ကိုဘုမ္မာ ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်ပြီး အမောဖြေနေသည်။ အပြင် သွားနေသော ဇနီးသည်ကို ကလေးတစ်ယောက်လိုက်ခေါ်သည်။ မရွှေစာ ပြန်လာလျှင် ဘာတွေများ ညည်းနေဦးမလဲ မသိ။ များမကြာမီပင် ဇနီးသည် ရောက်ရှိလာသည်။

ဇနီးသည် ပြုံးနေသည်။ တစ်စုံတစ်ခုကို ကျေနပ်နှစ်သက်နေဟန် ရှိသည်။ သည်ကနေ့ ထူးထူးခြားခြား ပေါ့ပါးသွက်လက်မှု ရှိသည်။

"အစ်ကို ပြန်ရောက်နေတာ ကြာပလား"

"အခုပဲ၊ လေး ဘယ်သွားနေတာလဲ"

"ဒေါ်ပေါတို့အိမ် အခုကလေးတင် သွားတာပဲ အစ်ကို"

အမျိုးသမီး တစ်စုံတစ်ခုကို ပြောချင်နေသည်။ ပြောချင်ဇောကြီးနေသည်။

သူမ၏ မျက်နှာ အတန်ငယ် ရွှင်လန်းလျက် ရှိသည်။

အပြုံးက ပွင့်လန်းသည်ထက် ပွင့်လန်းလျက် ရှိသည်။

"လေးကို ကြည့်ရတာ တော်တော်ကလေး မြူးနေပါတယ်၊ ဘာလဲ ထီပေါက်ပလား"

"အင်း. . . . ဟုတ်တယ်၊ ထီပေါက်တာပဲ"

"မြတ်စွာဘုရား၊ တကယ်ပြောတာလား၊ အစ်ကိုတော့ ထီမထိုးမိပါဘူး၊ လေး ထိုးသလား"

"မဟုတ်ဘူး"

"အို. . . ."

"လေးတို့ ကလေးတစ်ယောက် မွေးစားရအောင်"

"ဗုဒ္ဓေါ"

mgyoe.com